www.burmeseclassic.com



# လင်းသို့ပြေး

ဒဏ်ရာစက်လက် ဒိုင်ယာရီ

www.burmeseclassic.com

www.burmeseclassic.com

ယွန်းစံအိမ်စာပေ

**စာမူခွင့်ပြုချက်အမှတ်**

၅၀၀၉၃၁၀၆၀၈

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၁၀၂၁၀၈၀၈

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ စက်တင်ဘာလ၊ ၂၀၀၈ခုနှစ်

**ထုတ်ဝေသူ**

ဦးစန်းမွန်အောင် (ငါတို့စာပေ)

75 (D)၊ ဗိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံး ဒီဇိုင်း**

ဟန်ဆန်း

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးဇော်မင်း

(W!zard ပုံနှိပ်တိုက်)

**အုပ်ရေ**

(၅၀၀)

**တန်ဖိုး**

(၁၃၀၀ ကျပ်)

**ဖြန့်ချိရေး**

သိမ့်ထိုက်စာပေ

ဖုန်း-၀၉၅၁၁၇၉၄၅၊ ၀၉၅၀၅၉၂၁၄၊ ၀၁-၆၈၀၈၄၄

www.burmeseclassic.com

www.burmeseclassic.com

ယွန်းစံအိမ်စာပေ

# လင်းညိုသွေး

အဏ်ရာစက်လက် နိုင်ယာရီ

(လုံးချင်းဝတ္ထုရှည်)

www.burmeseclassic.com

www.burmeseclassic.com






မင့်လက်ချောင်းလေးတွေ ငါ့ခန္ဓာပေါ် နူးညံ့စွာ ပွတ်သပ်တဲ့အခါ

မင့်အသက်ရှူသံတွေ ငါ့အပါးမှာ လေပြည်လို ပျံ့နှံ့တဲ့အခါ

မင့်အထိအတွေ့တွေ ငါ့နှလုံးသားကို ရုန်းမရအောင် ဖမ်းစားတဲ့အခါ

ငါ့ဦးထိပ်ဆံကနေ ခြေဖျားအထိ စီးဆင်းလေတော့

နှစ်ကိုယ်ခြား ရှင်သန်မှုဟာ တစ်ကိုယ်ခြား စုဝေးပြန်တည်းသို့

အရာရာ...အားလုံး...အနက်ရှိုင်းဆုံး...

ချိုမြိန်စွာ တမိန့်မိန့် ပြည့်စုံသွားပါပြီ။






www.burmeseclassic.com

www.burmeseclassic.com







ကျွန်တော့်နှလုံးသားဟာ သူမိန်းမိန်းမသားတစ်ယောက်ကို နှစ်နှစ်ကာကာ
အရင်းနှီးလိုဆုံး တောင့်တခဲ့တယ်။ သူမရဲ့ဧဿွန်ရာ ဝေနှအစေလျှောက်
ကျွန်တော်ရဲ့လုပ်ဆောင်မှုတွေ ကြီးပြင်းခဲ့တယ်။ ကျွန်တော်ရဲ့ရှင်သန်မှုဟာ
သူမအတွက် လိုအပ်တဲ့အခါ အသုံးပြုဖို့ ရပ်တည်မှုပါပဲ။
သူမဟာ အသူရှာနက်တဲ့ ချောက်ကမ်းပါးထဲ ကျရောက်နေရင်တောင်
ကျွန်တော့်မှာ နွယ်ကြိုးတစ်ပင်ပဲ ရှိပါစေ...

အစွမ်းကုန် ကြိုးစားကယ်တင်မှာပါ။

ဆာကာ





www.burmeseclassic.com

www.burmeseclassic.com



ရှူးခမ်းရှာဖွေခရာတွေ များပြားလှွန်းတဲ့ လောကမှာ

ကျွန်မဟာကိုယ့်ကိုယ်ကိုသာပြန်လည်ရှူးခမ်းရှာဖွေနေရတယ်။

ဒါဟာ...မဆုံးနိုင်တဲ့ ခရီးရှည်တစ်ခုကို သွားနေရတာပါပဲ။

မြူးလှိုနွယ်



www.burmeseclassic.com

www.burmeseclassic.com



(အနာဂတ် နေ့စွဲများ)

" ဒုန်း… ခွမ်း… ဝူလမ်…"

" ဖျောင်း… ဖြန်း… အား… အင့်… အဟင့်…"

" ရှင် ကျွန်မကို ဘာကြောင့် နေ့တိုင်း နှိပ်စက်နေရတာလဲ"

" မင်းဟာ ငါ့ကို တကယ်ချစ်တာ မဟုတ်ဘူး"

" ရှင့်အပေါ်မှာ ကျွန်မဘာက်က မယားဝတ္တရား မပျက်ကွက်ပါဘဲနဲ့ ရှင် ဘာဖြစ်လို့ မိန်းမပျက်တွေနဲ့ ဖောက်ပြန်တာလဲ"

" မင်းကကော အဲဒီ မိန်းမပျက်ဆိုတာတွေနဲ့ ဘာကွာလို့လဲ"

" ရှင် ကျွန်မကို မစော်ကားနဲ့။ ရှင်ပြောတာတွေ လွန်နေပြီနော်။ မူးမူးရူးရူးနဲ့ ပေါက်ကရတွေ အော်ပြီး ပြဿနာရှာမနေနဲ့"

" ပြဿနာရှာတော့ ဘာဖြစ်လဲကွာ။ ငါ ပေါက်ကရပြောတာ မဟုတ်ဘူး။ မှန်တာကို ပြောနေတာ။ ငါ မူးလည်းမူးနေတယ်။ ရူးလည်း ရူးနေတယ်။ အဲ့ဒါ မင်းကြောင့်… မင်းကြောင့်… မင်းကို ငါ သတ်မယ်… သတ်မယ်…."

" ရှင် ရှေ့တိုးမလာနဲ့နော်။ မလာနဲ့… သွား… သွား… မလာနဲ့… သွားနော်…"

" ဖျောင်း… အင့်… ဝုန်း…"

" ဒုန်း…"

www.burmeseclassic.com

www.burmeseclassic.com



# ဖလာနဲ့...သွား...

www.burmeseclassic.com

www.burmeseclassic.com



**3rd, December, 2007**

**Yangon**

နေခြည်ရောင်ငွေ့ငွေ့သည် အဖြူရောင် သုတ်လိမ်းထားသော ပုဂ္ဂလိက ဆေးရုံတစ်ခုအား ဝင်းဝင်းစက်စက် ထိမှန်နေလေသည်။

တိုက်ရိုက်တိုက်ခတ်နေသော မြောက်ပြန်လေ၌ နှင်းမှုန်စတို့သည် လတ်ဆတ်ခြင်းနှင့်အတူ ရောယှက်နှစ်မြှုပ်နေ၏။ ဆေးရုံအတွင်းရှိ သန့်ရှင်းသပ်ရပ်သော လူနာဆောင်တစ်ခုတွင် အမယ်အို တစ်ဦးသည် ပြတင်းတံခါးအား လျှောရဲရဲ မှီတွယ်ကာ အပြင်ဘက်ဆီ ငေးမောလျက်ရှိချေ၏။

တွန့်ခေါက်အိတွဲနေသော အရေပြားနှင့် အသားစိုင်တွေက အမယ်အို၏ ဇရာကို ဖော်ပြနေသည်။ အနည်းငယ် အညိုရောင်သန်းသော မျက်ဝန်းအစုံသည် အစိပ္ပာယ် ကွယ်ပျောက်နေသကဲ့သို့ ယိုးမယ်ဖွဲ့ရ ခက်ခဲစေသည်။ အမယ်အို၏ အကြည့်တွေက ပြင်ပ မြင်ကွင်းတွေကို ဦးစိုက်နေပေမယ့် စိတ်အစဉ်ကတော့ တိမ်နီးတိမ်မျှင်တွေသဖွယ် ရောက်တတ်ရာရာ လွင့်ဝဲနေဟန် ရှိ၏။

" မင်္ဂလာပါ အဖွား"

ပြုံးမြမြနှင့် နှုတ်ခွန်းဆက်သရင်း သက်လတ်ပိုင်းအရွယ် သူနာပြုဆရာမသည်

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းသို့ ဝင်လာသည်။ သူမနောက်တွင် ကြံ့လိုသော အဖိုးအိုတစ်ဦးသည်လည်း စာအုပ်တစ်အုပ်ကိုကိုင်လျက် လိုက်ပါလာ၏။

သူနာပြုဆရာမသည် တာဝန်ကျလူနာဖြစ်သော အမယ်အိုကို ကုတင်ပေါ်တွင် လှဲစေကာ လိုအပ်သည့် စစ်ဆေးပြုစုမှုများ ဆောင်ရွက်ပြုလုပ်လေ၏။

" အဖွား… ဒီနေ့ အပြင်မှာ သိပ်သာယာတယ်။ ကျွန်မတို့ လမ်းလျှောက်ထွက်ရအောင်"

" မသွားချင်ဘူး"

" လာပါ အဖွားရဲ့… ဒီအခန်းထဲမှာချည်းပဲ အမြဲနေတော့ ဘယ်ကောင်းမလဲ။ အပြင်လေး ဘာလေး ထွက်သင့်တယ်။ ဒါမှ လေကောင်းလေသန့်တွေနဲ့ ထိတွေ့ပြီး ပိုနေကောင်းလာမှာ။ လေကောင်းလေသန့်တွေကို ရှူရှိုက်ရတာက စိတ်ကို ပေါ့ပါး လန်းဆန်းစေတယ် အဖွားရဲ့"

" နေစမ်းပါဦး… အဲဒီလေတွေဟာ လေကောင်းလေသန့်ပါလို့ ဘယ်သူက အာမခံပေးထားလို့လဲ။ အာမခံပေးထားတာတွေတောင်မှ စိတ်မချရသေးတာ အာမခံတာဆို ပိုဆိုးမှာပေါ့။ ကိုယ့်ကိုယ်ကိုတောင် ယုံကြည်လို့ မရတဲ့ လောကမှာ ငါကတော့ ဘာကိုမှ မယုံကြည်တော့ဘူး။ အဲဒီလေတွေဟာ လေကောင်းလေသန့်တွေလို့ မင်းထင်တယ်ဆိုရင် မင်းဘာသာတစ်ယောက်တည်း နှာခေါင်းကွဲအောင် သွားရှူချေ။ ငါတော့ မလိုက်ဘူး"

အမယ်အိုက ဘုကန့်လန့် တုံ့ပြန်သည်။ သူနာပြုဆရာမသည် လူနာအပေါ်တွင် နားလည်မှုထားရှိကာ ပြုံး၍သာ နေပါသည်။

အဖိုးအိုက ဂရုဏာသက်သော အကြည့်တွေဖြင့် အမယ်အိုကို တစိုက်မတ်မတ် ငေး၍ ကြည့်နေ၏။ သူနာပြုဆရာမက ကြားခံအဖြစ် ဆက်သွယ်ပေးလေသည်။

" အဖွား… ဒီအဖိုးက အဖွားကို စာဖတ်ပြမလို့လာတာ"

" စာဖတ်ပြမလို့… ဟုတ်လား…"

www.burmeseclassic.com

www.burmeseclassic.com



အမယ်အိုက ဇဝေဇဝါ ရေရွတ်သည်။ အဖိုးအိုကို အသေအချာကြည့်ကာ ခေါင်းကို ဘယ်ညာရမ်းခါသည်။

" သူ့ကို ငါ မသိပါလား…"

" အဖွား သူ့ကို သဘောကျပါတယ်။ ဒီအဖိုး စာဖတ်ပြရင် သိပ်နားထောင်လို့ကောင်းတာ။ အဖွား အပြင်မထွက်ချင်ဘူးဆိုရင် ဒီအခန်းထဲမှာပဲ စာဖတ်တာကို အပျင်းပြေ နားထောင်ပေါ့။ ကျွန်မကိုတော့ ခွင့်ပြုပါဦး"

သူနာပြုဆရာမက ရိုကျိုးစွာ နှုတ်ဆက်ပြီး အခန်းတွင်းမှ ထွက်ခွာသွားသည်။ အမယ်အိုသည် သူနာပြုဆရာမ ပျောက်ကွယ်သွားပြီးသည့်တိုင်အောင် အခန်းဝကို ကြောင်တောင်ငေးကြည့်နေဆဲ ဖြစ်၏။

အဖိုးအိုသည် ထိုင်ခုံတစ်လုံးကို ကုတင်နံဘေးနားသို့ ဆွဲယူကာ ထိုင်သည်။ အမယ်အို၏ မျက်ဝန်းတွေကို သူ ဂရုတစိုက်ကြည့်တော့ အရိပ်အယောင်တွေ ကင်းစင်ဆိတ်သုဉ်းနေတာ တွေ့ရှိလိုက်ရ၏။

" ခင်ဗျားကို ကျုပ် စာဖတ်ပြပါ့မယ်။ သက်တောင့်သက်သာ အနားယူရင်း နားထောင်ပေါ့"

အဖိုးအိုသည် သူ့လက်ထဲမှာ ကိုင်ထားသောစာအုပ်ကို ဖွင့်လှစ်လိုက်လေသည်။ အရိုးငေါငေါ လက်ချောင်းတွေဖြင့် စာရွက်တွေကို တဖျတ်ဖျတ် လှန်၏။

" ဟိုး… လွန်ခဲ့တဲ့… နှစ်ပေါင်း ငါးဆယ်လောက်တုန်းကပေါ့လေ…"

အဖိုးအို၏ အသံတွေ တုန်အက်လှုပ်ခါနေသည်။ ပျော့တော့သော မျက်လုံးအကြည့်တွေ စာမျက်နှာထက်မှာ ခုန်ပေါက်ပြေးလွှားရှုနေသည်။ သူ့ အမူအယာက စုန်းအိုတစ်ဦးလိုမျိုး မှိုင်းမှိုင်းညို့ညို့ဖြင့်ပင် ဝင့်သန်စူးတောက်နေလေသည်။

" ကောင်မလေးတစ်ယောက်ဟာ ရေတံခွန်နံဘေးမှာ ပန်းချီ ဆွဲနေတယ်…"

www.burmeseclassic.com



**4th, March, 1956**

**Pyin Oo Lwin**

ကောင်မလေးတစ်ယောက်ဟာ ရေတံခွန်နံဘေးမှာ ပန်းချီ ဆွဲနေတယ်။ ရွှေရောင် အလင်းတန်းတွေက သွယ်နွဲ့ပြေပြစ်တဲ့ သူမကိုယ်ပေါ် စီးခြံညွှတ်ဖြာကျလို့ပေါ့။ အရာရာဟာ စာဖွဲ့ပြလို့ မမှီအောင် တခမ်းတနား လှပနေတော့တာပါပဲ။

ရေတံခွန်မှ ရှိန်ဟုန်ပြင်းပြင်း ရေထုချင်းထိခတ်သံတွေက အသောမသတ်စွာ တဝုန်းဝုန်း အော်မြည်ညံနေလေရဲ့။ ကောင်မ လေးရဲ့ စိတ်အာရုံတွေကတော့ ဆွဲလက်စ ပန်းချီကားဆီမှာသာ ကုတ်တွယ်နစ်ဝင်နေတယ်။ သူမ အကြည့်တွေက အခြားတစ်ပါးသို့ မပျံ့လွင့်ဘဲ သူမ လက်ထဲမှ စုတ်တံလေးကတော့ တဆတ်ဆတ် ပြောင်းရွှေ့လှုပ်ခါနေတယ်။

သူမနဲ့ အဖော်အဖြစ် လိုက်ပါလာတဲ့ ကောင်မလေး တစ်ယောက်က မနီးမဝေး မြက်စိမ်းပြင်ထက်မှာ ဖျင်းတွဲတွဲထိုင်ရင်း ရေတံခွန်ကြီးကို ငေးကြည့်နေပါတယ်။

အဲ့ဒီ အချိန်အခါမှာဘဲ ရေတံခွန်အောက်ခြေရှိ ရေအိုင်ထဲကနေ ရေစက်လက်နဲ့ ကောင်လေးနှစ်ယောက် တက်လာတယ်။ အဲဒီ ကောင်လေးတွေကို မြင်တော့ မြက်စိမ်းပြင်ပေါ်က ကောင်မလေး ပျော်လို့သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



" ဟေး… ချမ်းသာနဲ့ အာကာ…"

သူတို့အမည်ကို အော်သံကြောင့် ကောင်လေးနှစ်ယောက် တောင်မြောက်လေးပါးဆီ မျက်စိတွေ ကစားကြည့်ကြတယ်။ အဲဒီမှာ သူတို့ကို လက်ယမ်းခေါ်နေတဲ့ ကောင်မလေးကို တွေ့သွားတယ်။

" ချမ်းသာ… ဟိုမှာ မင်းရဲ့ ခင်မွှန်ဝင်း ငါတို့ကို လှမ်းခေါ်နေတယ်"

" အေး… သူဆီသွားကြမယ်"

ချမ်းသာနဲ့ အာကာဆိုတဲ့ ကောင်လေးနှစ်ယောက်က အပေါ်ပိုင်း ဗလာကျင်းနဲ့ပဲ ကုန်းမြေမြင့်ထက် ပြေးတက်လာတယ်။ သူတို့ အနားရောက်တော့ ခင်မွှန်ဝင်းဆိုတဲ့ ကောင်မလေးက မေးတယ်။

" နင်တို့နှစ်ယောက် ဘာလာလုပ်တာလဲ"

" ရေလာဆော့တာလေ။ နင်ကကော"

" ဒီမှာလေ… ညည်းသည် ပန်းချီဆွဲတာကို အဖော်လိုက်လာပေးတာ"

" ဪ"

ခင်မွှန်ဝင်းက သူတို့ကို လှည့်မကြည့်ဘဲ ပန်းချီဆွဲနေတဲ့ ကောင်မလေးကို မေးဆတ်ပြတယ်။ သွယ်သွယ်ယိုင်ယိုင် စူးစူးစိုက်စိုက်ကလေး ရပ်နေတဲ့ ကောင်မလေးကို အာကာ စိတ်ဝင်တစား ကြည့်ဖြစ်သွားတယ်။ ချမ်းသာကတော့ သူခေါ်နေတဲ့ ခင်မွှန်ဝင်းထံမှာဘဲ အာရုံသက်ရောက်နေလေရဲ့။

အဲဒီအခိုက်အတန့်မှာဘဲ ကောင်မလေးဟာ ခေါင်းကို မော့တယ်။ ဆံနွယ်မျှင်တွေကို လွင့်ခနဲခါပြီး ပန်းချီကားရှေ့က မျက်လုံးကို ခွာတယ်။ အဲဒီမှာ ကောင်မလေးနဲ့ အာကာ မျက်လုံးချင်း ဆုံတွေ့ဖြစ်ကြတယ်။ ဘယ်သူကမှ စတင်ပြီး အကြည့်ကို လွှဲမပစ်ကြဘူး။ လွှဲပစ်ချင်စိတ်လည်း သူတို့မှာ ရှိမနေကြဘူး။

နွေဦးဟာ အနုညံ့ဆုံး ကဗျာတစ်ပုဒ် ဖြစ်လို့သွားပါတော့တယ်။

" ခြူးလဲ့နွယ် သူငယ်ချင်း ထပ်တိုးအောင် မိတ်ဆက်ပေးဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကချမ်းသာ၊ သူက အာကာ။ နင်တို့လည်း မှတ်ထားကြပေါ့။ သူ့ နာမည်က ခြူးလှဲ့နွယ်တဲ့။ ရန်ကုန်သူ…။ အခု သူတို့ မိသားစုက ငါ့ဦးလေးရဲ့ အိမ်တစ်လုံးကို ငှားနေကြတာ။ အပူဒဏ်ကိုရှောင်ရင်း ဒီမြို့မှာ ခနရောသီ အပန်းလာဖြေတာလေ"

ခင်မွန်ဝင်း မိတ်ဆက်ပေးတော့မှ ပူးကပ်နေတဲ့ အကြည့်တွေကို သူတို့နှစ်ဦး ဆွဲခွာပစ်လိုက်ကြတယ်။ ရင်ခုန်သံ အစအနတွေကတော့ ဖွားဖွားလျားလျား လွင့်ခါကျဲနေဆဲ ပါပဲ။

အာကာက အိုးတိုးအမ်းတမ်းနဲ့ ခြူးလှဲ့နွယ် ရေးခြယ်ထားတဲ့ ပန်းချီကားဆီ အကြည့်ကို ပြောင်းလဲပစ်တယ်။ ပြီးတော့ ခပ်တည်တည်ပဲ ဝေဖန်တယ်။

" နင် ပန်းချီဆွဲတော့ ဆွဲတတ်သားပဲ။ ဒါပေမယ့် လက်ရာက မသပ်ရပ် သေးဘူး"

" ဟုတ်တယ်။ ငါ ပန်းချီပညာကို သင်ထားတာ သိပ်မကြာသေးဘူး"

ခြူးလှဲ့နွယ်ကလည်း အမှန်ကို ဝန်ခံတယ်။ အာကာက မေးမြန်းတယ်။

" နင် ပန်းချီကားတစ်ခုကို ဆွဲရင် ဘယ်လောက်ကြာတတ်လဲ"

" အဲ့ဒါတော့ မမှန်ဘူး။ တစ်ခါတစ်လေ တစ်ရက်နဲ့ ပြီးတယ်။ တစ်ခါ တစ်လေကျရင် လေးငါးဆယ်ရက်ကြာတတ်တယ်"

" ဟာ…ဒါဆို နင်.တော်တော်လိုသေးတာပဲ။ ငါဆိုရင် ပန်းချီကားတစ်ချပ် ကို စက္ကန့်သုံးဆယ်နဲ့ အပြီးဆွဲတာ"

" ဟယ်… တကယ်…"

မျက်လုံးကလေး အဝိုင်းသားနဲ့ ခြူးလှဲ့နွယ် အံ့အားသင့်သွားပါတယ်။ အာကာ ကတော့ ပြုံးတေ့တေ့နဲ့။

" တကယ်ပေါ့။ မယုံရင် ကင်းဘတ်စအသစ် တင်လိုက်။ စက္ကန့်သုံးဆယ် အတွင်း ပန်းချီကားတစ်ခုပြီးအောင် ငါဆွဲပြမယ်။ နင်လည်း ပညာရတာပေါ့"

" အင်း… အင်း… ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



မြူးလဲ့နွယ်က ချက်ချင်းပဲ ရေးခြယ်ထားတဲ့ ပန်းချီကားကို ဖယ်ပြီး ကင်းဘတ်စအသစ် တင်လိုက်တယ်။ (အထူကောင်းတဲ့ ဓိုက်ကယ်အိန်ဂျလို လက်ငြိမ်တယ်ဆိုတာ သူ မာတ်လိုက်နေသလောက်ပဲ ရှိတယ်ဆိုတဲ့ ဒီနိုင်းနဲ့) အာကာက ကင်းဘတ်စ ရှေ့မှာ မားမားကြီးရပ်တယ်။ မြူးလဲ့နွယ်က စုတ်တံတွေ ကမ်းပေးတယ်။

" ရော့လေ… ဒီမှာ စုတ်တံ"

" မလိုဘူး"

အာကာက လက်ခါပြတယ်။ ကျန်လူတွေ အားလုံးကတော့ သူ့လှုပ်ရှားမှု ကိုသာ စိတ်ဝင်တစား စောင့်ကြည့်နေကြတယ်။ စုတ်တံမပါဘဲ ပန်းချီ ဘယ်လို ဆွဲမလဲဆိုတာကို သိချင်စိတ်နဲ့ပေါ့။

" ကြည့်ထား… မျိုးမတူတဲ့ နဂါးငါးကောင် ရန်ထောင်နေတဲ့ပုံ ဆွဲပြမယ်"

" အင်းပါ"

မြူးလဲ့နွယ်က ခေါင်းလေး တညိတ်ညိတ်နဲ့။ အာကာက အရောင်မတူတဲ့ ဆေးခွက်ငါးခွက်ထဲ သူ့ညာလက်ချောင်းတွေ တစ်ချောင်းချင်းစီ ထိုးနှစ်တယ်။ ပြီးတော့ ခပ်ကျဲကျဲကားပြီး ကင်းဘတ်စပေါ် တစ်ချက်တည်း တွန့်တွန့်လိမ်လိမ် ခြစ်ဆွဲချ လိုက်တယ်။

" ပြီးသွားပြီ… တွေ့တယ်မို့လား… စက္ကန့်သုံးဆယ်တောင် မကြာလိုက် ဘူး"

" အမ်…"

မြူးလဲ့နွယ် ကြောင်အမ်းအမ်းလေး ဖြစ်သွားပါတယ်။ ကင်းဘတ်စပေါ်က အရောင်မတူတဲ့ တွန့်တွန့်လိမ်လိမ် လက်ငါးချောင်းရာကြီးကို ကြည့်ပြီး ရယ်ချင် ပက်ကျိုရုပ်ကလေးနဲ့ မေးတယ်။

" အဲ… အဒါက… ရန်ထောင်နေတဲ့ နဂါးငါးကောင်… ဟုတ်လား…"



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ်လေ… ဒေါ်သကြီးပြီး အမောက်တွေ ထောင်နေတာ မတွေ့ဘူးလား။ ဒီဘက်ရွှေ့နေ…။ တော်ကြာ မျက်စောင်းထိုးလို့ ပြာပြစ်သွားဦးမယ်"

" ဟွန်း… သူများကဖြင့် တကယ်မှတ်လို့…"

ရန်ထောင်နေတဲ့ နဂါးငါးကောင်ပုံကို ကြည့်ပြီး တသောသော ရယ်မောဖြစ်သွားကြပါတယ်။ သူတို့လေးတွေရဲ့ လွတ်လပ်စွာ ရယ်သံတွေက တောင်နံရံတွေကို ထိမှန်လို့… ပဲ့တင်သံတွေအဖြစ် သူတို့ဆီ ပြန်ကန်လာကြတယ်။

ရေတံခွန်ကြီးကလည်း အားကျစွာဖြင့် တဝေါဝေါ တဟီးဟီး လိုက်လံရယ်ညည်းနေလေ ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



**4th, March, 1956**

**Pyin Oo Lwin**

" အဲဒီအာကာဆိုတဲ့ တစ်ယောက်က တကယ် ဖန်းချီဆရာလားဟင်"

" ဘယ်ကလာ… မဟုတ်ပါဘူး"

ရေတံခွန်က အပြန် လူစုခွဲအပြီးမှာပါ။ ခြူးလဲ့နွယ်က အိမ်မရောက်ခင် သူမ သိချင်တာလေးတွေ စင်မွန်ဝင်းကို မေးနေတယ်။

" သူက ကျောင်းသားပဲလား"

" ဟင့်အင်း… သူက ကျောင်းမတက်တော့ဘူး။ စီးပွားရေး မပြေလည်လို့ ကျောင်းထွက်ပြီး အလုပ်လုပ်နေတာ။ သူ့မှာက အမေ မရှိတော့ဘူး၊ အဖေပဲ ရှိတော့တယ်"

" ဪ"

ခြူးလဲ့နွယ်ဟာ အာကာဆိုသူကို သနားသွားရှာတယ်။

" သူက ဘာအလုပ်လုပ်တာလဲ"

" အိမ်သုံး ပရိဘောဂပစ္စည်းတွေ လုပ်တာ။ ပြီးမှ ဆိုင်တွေကို လိုက်သွင်းတာ။ ချမ်းသာနဲ့သူ နှစ်ယောက် အတူတူ လုပ်တာလေ"

ပြောနေရင်းပဲ စင်မွန်ဝင်းက ခြူးလဲ့နွယ်ကို မျက်ခနဲ စိုက်ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လုပ်ချောင်းလေးဆိုးပြီး ပြုံးစနဲ့ ဟန်တွေပန်တွေနဲ့ စတယ်။

" အဟမ်း... အဟမ်း... ရိုးတော့ မရိုးသားဘူးနော်။ ကျွေ့တော့ ကျွေ့ဘဲ။ သိနေသလိုပဲ"

" ဘာကိုလဲဟင်..."

ခြူးလဲ့နွယ်က ကုတ်ကမြင်းလေး လုပ်ဖို့ကြံတယ်။ ဒါပေမယ့် သရုပ်ဆောင်မှုက မပီပြင်ပါဘူး။ ခင်မွန်ဝင်းက ပေါ်တင်ပဲ ဒဲ့ကြီး ဖွင့်မေးတယ်။

" ခြူးလဲ့နွယ် အာကာ့ကို စိတ်ဝင်စားနေတာလား"

" အာ... ဘာတွေ မေးမှန်းလည်း မသိဘူးနော်..."

ခြူးလဲ့နွယ် မျက်နှာလေး ရှက်အမ်းအမ်း ဖြစ်သွားပါတယ်။ ချိုင်းကြားကို ကလိထိုးရင် ယားသလိုမျိုး၊ အနာပေါ် တုတ်ကျရင် နာသလိုမျိုး၊ မစင်ပုံကို တက်နင်းမိရင် နံသလိုမျိုး... အခုလည်း မှန်တာကို ပေါ်တင်ဒဲ့ အမေးခံလိုက်ရလို့ ရှက်သွားတဲ့ သူမရဲ့ မျက်နှာပေးလေးဟာ သိပ်တော့ မထူးဆန်းပါဘူးလေ။

အဲဒီနေ့က အိမ်ပြန်ရောက်တော့ ရန်ထောင်နေတဲ့ နဂါးငါးကောင် ပန်းချီကားကို ထပ်ကြည့်ပြီး သူမတစ်ယောက်တည်း ပြုံးနေမိတယ်။ ပြောင်ချော်ချော် သတ်ချောင်းရာတွေကို ကြည့်နေရင်းပဲ ကင်းဘတ်စထဲမှာ အပေါ်ပိုင်း ဗလာကျွင်းနေတဲ့ ပြည့်ဖြိုး တောင့်တင်းသူရဲ့ ရုပ်သွင်က ပြုံးတေ့တေ့ ပေါ်လာတယ်။

စွမ်းတယ်...

သူမ အသည်းယားသွားရလောက်အောင်ပါပဲ။

ဟင်းနော်....

တကယ်ပဲ....

တစ်ယောက်တည်း အဖြစ်သည်းနေမိတယ်။

၈



www.burmeseclassic.com

www.burmeseclassic.com



## 6th, March, 1956

## Pyin Oo Lwin

" ဟိတ်ကောင် ... ဘာလုပ်နေတာလဲဟ"

ကုန်းညောင်ညောင်နဲ့ နွားခေါင်းရှုံ့ပွရှုံ့ပွလုပ်နေတဲ့ ချမ်းသာကို အာကာက မေးတယ်။

ချမ်းသာက နွားခေါင်းရှုံ့ပွရှုံ့ပွလုပ်ရင်းပဲဖြေတယ်။

"ငါ ခုနက မနေနိုင်လွန်းလို့ လေတစ်ချက်လည်လိုက်မိတယ်ကွ။ ငါ့ ခန္ဓာကိုယ်ထဲက ထွက်သွားတဲ့ အဲဒီလေတွေကို နမြောလို့ ငါအခုပြန်ရှူနေတာ"

"ဟာကွာ ... ထွီ ... မင်းတော်တော်စုတ်ပဲ့တဲ့ကောင်ပဲ"

အာကာက ရှုံ့ရှာဟန်နဲ့ သူ့အသက်ရှူတံကို လက်နဲ့ဖျစ်ထားတယ်။ အနံ့ အသက်ကင်းစင်လောက်တော့မှ လက်ကိုလွှတ်ပြီးပြောတယ်။

" မင်း လေကို အဲဒီလောက် နမြောမနေနဲ့။ ငါတို့က ဆင်းရဲတယ်ဆိုပေမယ့် လေတွေကတော့ မျက်နှာမလိုက်ပါဘူးကွာ။ လူသားအားလုံး ဝဝလင်လင် အသက်ရှူဖို့အတွက် အဆင့်အတန်း မခွဲခြားဘဲ ပေါပေါသီသီ ပေးထားပါတယ်။ လူတွေကို အဆင့်အတန်း ခွဲခြားတာက လေမဟုတ်ဘူး။ ငွေကွ။ အဲဒီငွေကိုရှာဖို့ ငါတို့ လုပ်ပြီးသား ပန္နည်းလေးတွေ သွားပို့ရအောင်။ လာကွာ..."



www.burmeseclassic.com

www.burmeseclassic.com



" အင်း... အင်း... ရှိလား..."

ချမ်းသာက နှာခေါင်းကို ကျုံ့ပြီး အလကားရတဲ့လေကို အားပါးတရ ရှူသွင်းလိုက်ပါသေးတယ်။ နောက်တော့ နှာမည်နဲ့ မလိုက်တဲ့ ငမွဲချမ်းသာနဲ့ အာကာတို့ဟာ ပရိဘောဂပစ္စည်းတွေကို သူတို့ကိုယ်တိုင် ထမ်းပိုးသယ်ရွက်ပြီး ဆိုင်မှာ သွားသွင်းကြပါတယ်။

အပြီးမှာတော့ ရရှိလာတဲ့ ငွေစကြေးစလေးတွေကို ရေတွက်ပြီး အညီအမျှ ခွဲလို့ ယူကြတာပေါ့။ သူတို့အတွက်တော့ ရှင်သန်မှုဆိုတာ အကြပ်အတည်း ရုန်းကန်ခြင်းပါပဲ။

" အာကာ... ဟိုမှာ ဟိုတစ်နေ့က ရေတံခွန်မှာတွေ့ခဲ့တဲ့ ကောင်မလေး"

" ဟာ..."

ချမ်းသာ လက်ညှိုးညွှန်ပြရာကို ကြည့်မိတော့ အာကာ ပျော်ရွှင်လို့သွားပါ တယ်။ ခြူးလှဲ့နွယ်ဆိုတဲ့ ကောင်မလေးက သူတို့နဲ့ မလှမ်းမကမ်း လမ်းကွေ့တစ်ခုထဲ ချိုးဝင်သွားနေတာ မြင်လိုက်ရလို့ပေါ့။

သွက်သွက်လက်လက်ပဲ အာကာ ပြေးထွက်ပြီး ခြူးလှဲ့နွယ် အနားကပ်သွား တယ်။

" ဟိတ်... ငါ့ကို မှတ်မိလား..."

အသံကြောင့် ခြူးလှဲ့နွယ် လန့်သွားလေတယ်။ လှည့်အကြည့်မှာ အာကာကို တွေ့တော့မှ သူမ မျက်နှာလေးဟာ ပြုံးရောင်တွေ ယှက်သန်းသွားပါတော့တယ်။

" မှတ်မိပါတယ်။ နင်က စက္ကူနဲ့သုံးဆယ် ပန်းချီဆရာလေ"

ခြူးလှဲ့နွယ်ရဲ့ အပြောကြောင့် အာကာက ပြုံးတေ့တေ့ ရယ်ပါတယ်။

" ငါ့ ပန်းချီကားကို နင် လွှင့်ပစ်လိုက်ပြီလား"

" ဟင့်အင်း... လွှင့်မပစ်ပါဘူး။ အမှတ်တရအနေနဲ့ ငါ သေသေချာချာ သိမ်းထားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားဟာ အာကာ့ကို ပီတိဖြစ်သွားစေပါတယ်။ သူ့ရဲ့ အမှတ်တမဲ့ လုပ်ဆောင်မှုကို အသိအမှတ်ပြုခံရတော့ သူကျေနပ်သွားတာပေါ့။

" ငါတို့မြို့မှာ နေရတာ နင်ပျော်ရဲ့လား"

" ပျော်ပါတယ်။ နင်တို့မြို့လေးက သိပ်လှတယ်။ ပန်းတွေလည်းပေါတယ်။ ရာသီဥတုလည်း သာယာတယ်။ ကြည့်စရာ ရှုခင်းတွေလည်း အများကြီးပဲ"

" ငါက နင့်ကို ဒီမြို့မှာ အမြဲ ပျော်စေချင်တာ"

" ဒါကတော့ ညွှန်ခံသူနဲ့လည်း ဆိုင်တယ်လေ"

သူတို့ စကားအသွားအလာမှာ အဓိပ္ပာယ်တွေ ခေ့ယိုင်ပါဝင်နေတယ်။ သူတို့ဟာ ခံစားချက်အတွက် တစ်ယောက်ကိုတစ်ယောက် မသိမသာ သွေးတိုးစမ်းနေကြလေရဲ့။

" နင် ညဘက် အပြင်ထွက်လို့ရလား"

" ဘာဖြစ်လို့လဲ"

" အပန်းမကြီးဘူးဆိုရင် အခုည ငါတို့ ရုပ်ရှင်သွားကြည့်ရအောင်လေ"

" နှစ်ယောက်တည်းလား"

" ချမ်းသာနဲ့ ခင်မွန်ဝင်းကိုပါ ခေါ်မှာပေါ့။ အရေးကြီးတာက နင်ပဲ။ ဖြစ်နိုင်ပါ့မလား"

" ဖြစ်အောင် စီစဉ်လိုက်မယ်လေ"

အာကာက လမ်းဘေးဝဲယာမှာ အပြိုင်းအရိုင်း ပွင့်အာနေကြတဲ့ ပန်းတွေထဲကမှ သန့်စွမ်းဝေဆာတဲ့ ပန်းကလေးတစ်ပွင့်ကို တယုတယခူးပြီး ခြူးလဲ့နွယ်ကိုပေးတယ်။ အဲဒီ ပန်းကလေးကို ခြူးလဲ့နွယ်က တမြတ်တနိုးယူပြီး သူမရဲ့ ဆံတောသာထက်မှာ အကျအန ပန်ဆင်ချိတ်ဆွဲလိုက်ပါတယ်။

အဲဒီအခါ သူမရဲ့ အလှဟာ သူ့အတွက် အနုပညာဆန်တဲ့ ပန်းချီကားတစ်ချပ် ဖြစ်သွားပါတော့တယ်။

၅



www.burmeseclassic.com

www.burmeseclassic.com



## 6th, March, 1956
## Pyin Oo Lwin

တောင်ပေါ်မြို့ကလေးနဲ့ ညချမ်းဟာ ပန်းရနံ့တွေ သင်းရှုထုံဝေနေတယ်။ မြူနှင်းတွေဝေပြီး နှင်းငွေ့ မစင်သေးတဲ့ လေအေးအေးက ကသုတ်ကရက် လူးခတ်နေတယ်။ အဖျားချွန် အရောင်စိမ်းတဲ့ ထင်းရှူးရွက်တွေဟာလည်း တရှဲရှဲ မြည်သံပေးပြီး စည်းချက်ညီညာစွာ မမောနိုင်မပမ်းနိုင် ယိမ်းနွဲ့ကခုန်နေရှာရဲ့။

လရောင်ဖျန်းခဲ့ထားရတဲ့ မြို့ကလေးဟာ အလင်းစက်စက်နဲ့ ဒဏ္ဍာရီဆန်ဆန် မှိန်ရီလှပလို့နေပါတယ်။

" သူတို့လာမှာ သေချာလို့လား"

" လာလောက်ပါတယ်"

လည်ပင်းရှည်နေတဲ့ အာကာ့ကိုကြည့်ပြီး ချမ်းသာ သက်ပြင်း ဖွဖွချတယ်။

" မင်း မြူးလွဲနွယ်ကို ချစ်နေတာလား"

" ဟုတ်တယ်။ သူ့ကိုငါ ချစ်သွားမိတယ်"

" လူတွေကို အဆင့်အတန်းခွဲတာ ငွေလို့ မင်းပြောတယ်နော်။ မင်းနဲ့ မြူးလွဲနွယ်ဟာလည်း အဆင့်အတန်းဆိုတဲ့ ငွေကြေး နေအင်အားချင်း အရမ်းကွာခြားနေတယ်။ ငါတို့က ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီး မှူးစုပဲရ စုနေချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဘာအလုပ်မှ မလုပ်ဘဲ တစ်ရွာသီ ဒီမှာ လာအပန်းဖြေနေကြတယ်။ အောက်က လူတွေက အထက်ကို မော့ကြည့်တတ်ကြပေမယ့် အထက်က လူတွေ ကတော့ အောက်ကို ငုံ့မကြည့်တတ်ကြဘူးကွ"

ချမ်းသာရဲ့ သတိပေးစကားကြောင့် ပင့်သက်ရှိုက်ရင်း အာကာ့ ရင်ထဲမှာ မောဟိုက်သွားတယ်။ သူမက ငွေကို ရေလိုလေလို သုံးစွဲနေချိန်မှာ သူက တစ်ပြား ကို နှစ်ပြားဖြစ်အောင် ရှာနေရတဲ့ဘဝ။

လနဲ့ကြယ်တွေ သာနေပေမယ့် သူ့ညကတော့ အလင်းကွယ်နေတယ်။ မျှော်လင့်ချက်တွေနဲ့ သူဟာ ဒီကနေ့ထက်ထိ သဟာစာတ ဖြစ်မလာဘူး။ ခဲရာခဲ ဆစ်နေရက်တွေထဲ အိပ်မက်စောင်းကြိုးမျှင်တွေ စည်းဝါးမကိုက်ဘဲ အပိုင်းပိုင်း ပြတ်တောက်နေဆဲပါပဲ။

အာကာတစ်ယောက် သိမ်ငယ်မှုတွေနဲ့ အငြိုငြိုအယှက်ယှက် လုံးထွေးနေစဉ် မှာပဲ သူမျှော်နေသူက အဖော်နဲ့ ရောက်လာတယ်။ ခြူးလဲ့နွယ်က ဇင်မွှန်ဝင်း သက်ကလေးကို ဆွဲလို့ပေါ့။ အာကာ့ကို မေးဖျားလေး ငေါ့မေးတယ်။

" စောင့်နေရတာ ကြာသွားလား။ ခွင့်ပြုချက်ယူနေရလို့ နောက်ကျသွား တယ်"

" ရပါတယ်"

စောတယ်နောက်ကျတယ်ဆိုတာတွေထက် သူမ ရောက်လာတာကိုပဲ အာကာ့မှာ ဝမ်းမြောက်လှပါပြီ။ မြင်ချင်သူလေးဟာ ပြင်ဆင်မှုတွေနဲ့ အကြွအရွ တောက်ပနေတယ်။ အာကာ့ရင်ထဲမှာ မက်မောစိတ်တွေ တရှိန်ထိုး စီးပျံ့နှားခို သွားမိပါရဲ့။

ရုပ်ရှင်ကြည့်ကြတော့လည်း အာကာ့စိတ်တွေဟာ ပိတ်ကား ပြင်ပေါ်က အကြွအမည်း ရုပ်ပုံလွှာတွေ ရွေ့လျားမှုမှာ အာရုံ မကျပါဘူး။ ခိုးကြောင်ခိုးဝှက် အကြည့်တွေက သူမထံမှာသာ တရစပ် တွယ်ကပ်ငြိစွန်းနေပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ရှင်ပြီးတော့ သူသိတာဆိုလို့ မှုန်ဖျဖျ အလင်းဖျိုးဖျမှာတောင် သူမအလှက ထင်းစိုရွှန်းမြကာ ထင်းနေတယ်ဆိုတာပါပဲ။

ရုပ်ရှင်ဖြတ်လို့ ပြန်မယ်အလုပ်မှာ ချမ်းသာနဲ့ ဇင်မွန်ဝင်းက တစ်ယောက်ကို တစ်ယောက် ဗဂျိုပတ်ချဲ့တွေ လုပ်နေပါတယ်။

" ဟော့··· နင့်ကို ကြိုက်သွားကြပြီလား"

အာကာက မသက်သလို့ မေးတော့ နှစ်ယောက်စလုံး ရှက်ကိုး ရှက်ကန်း ရယ်နေတယ်။ ငြင်းတော့ မငြင်းကြဘူး။

" သေချာပါတယ်။ နင်တို့ နှစ်ယောက် ကြိုက်နေကြပြီ"

အာကာက မှတ်ချက်ချတော့ ခြူးလွဲ့နွယ်က လက်ညှိုးလေး ကရော် ကရော်လုပ်ပြီး ဇင်မွန်ဝင်းကို စတယ်။ ဇင်မွန်ဝင်းကလည်း ဘယ်ရမလဲ··· အာကာ့ကို မေးငေါ့ပြပြီး ခြူးလွဲ့နွယ်ကို ကရော် ကရော် ပြန်လုပ်တယ်။ ရှုပ်တော့ ရှုပ်နေတာပါပဲ။

" ဟိတ်ကောင် အာကာ··· ငါ မပြန်ချင်သေးဘူးကွာ။ ငါတို့ လမ်းလျှောက်ကြရအောင်"

" ဒါဆို မင်းတို့နှစ်ယောက်က ဟိုဘက်ကို လျှောက်။ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး စကားပြောကြပေါ့။ ငါတို့ နှစ်ယောက်ကတော့ ဒီဘက်ကို လျှောက်မယ်။ လာ··· ခြူးလွဲ့နွယ်··· အလိုက်တသိ ရှောင်ပေးလိုက်ရအောင်"

အာကာက ခြူးလွဲ့နွယ်ကိုခေါ်ပြီး ညာဘက်ခြမ်း ကားလမ်းအတိုင်း ခုန်ဆင်းသွားလိုက်တယ်။ လေညင်းသွဲ့သွဲ့က ပန်းရနံ့တွေကို သူတို့ထံ ဆွတ်ဆွတ် ပျံ့ပျံ့ သယ်ဆောင်လာလေရဲ့။ ညဟာ သိပ်ကိုလှနေပါတယ်။

" ချမ်းသာနဲ့ ဇင်မွန်ဝင်းကတော့ အဆင်ပြေသွားကြပြီနော်"

" သူတို့နှစ်ယောက်က ရုံထဲမှာတည်းက ဘေးချင်းကပ်ထိုင်ပြီး တွတ်ထိုးနေကြတာ"

" သူတို့ကို အားမကျဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



" အမယ်… အားကျစရာလား…"

" အားကျစရာပေါ့"

အာကာက စကားလုံးတွေနဲ့ ဖြားယောင်းဖို့ ကြိုးစားလာတယ်။ ခြူးလဲ့နွယ်ကတော့ မအူမလည်လေး လုပ်နေတယ်။ ခုန်ခုန်ပေါက်ပေါက်ကလေး သမ်းလျှောက်ရင်း အခုလို သွားလာနေရတာကို နှစ်သက်ဟန်နဲ့ပေါ့။

" ပျော်စရာကြီးနော်။ ငါ အခုလို တစ်ခါမှ လွတ်လွတ်လပ်လပ် လျှောက်မသွားဖူးဘူး"

"တကယ်…"

" တကယ်ပြောတာ။ ရန်ကုန်မှာဆို ငါမှာ လျှောက်သွားဖို့ အချိန်မှ မရှိတာ"

" အချိန်မရှိဘူး ဟုတ်လား…။ ဘယ်လို အချိန် မရှိတာလဲ"

" ငါက နေ့တိုင်း အချိန်ဇယားနဲ့ နေရတာ။ မနက် အိပ်ယာနိုးလို့ နေတ်စာ စားပြီးတာနဲ့ သချာနဲ့ အင်္ဂလိပ်စာ သင်ရတယ်။ ပြီးရင် နေ့လည်စာ စားချိန်ရောက်ပြီ။ စားပြီးရင် စန္ဒယားတီးသင်တယ်။ ပန်းချီသင်တယ်။ ညနေစောင်းရင် တင်းနစ် လေ့ကျင့်ရတယ်။ ပြီးတော့ ရေမိုးချိုး ညစာစားတယ်။ နောက် မိသားစုနဲ့ စကားပြောတယ်။ ပြီးရင် ညဥ့်နက်တဲ့အထိ ဗဟုသုတ ဖြစ်စေမယ့် စာအုပ်တွေ ဖတ်တယ်"

" ဟူး… နင့်အစား ငါတော် ခေါင်းမူးသွားတယ်"

အာကာက တမင်မျက်လုံးပြူးပြီး ခြူးလဲ့နွယ်ရှေ့မှာ ခေါင်းကို အယ်ညာခါပြတယ်။

" ဘာလို့ နင် အဲဒီလောက် ကြိုးစားနေရတာလဲ"

" ငါက တက္ကသိုလ် တက်ရမှာလေဟာ။ ပြီးတော့ လူကုံထံ အသိုင်းအဝိုင်းမှာ ဝင်ဆံ့အောင်ဆိုပြီး ငါ့မိဘတွေက စီစဉ်ပေးထားတာ။ ငါ့မိဘတွေက

www.burmeseclassic.com



အရုပ်ဆည်းကပ်ကြီးတာဟ။ အခု ရုပ်ရှင်ကြည့်ဖို့တောင် မနည်းပြောထွက်လာရတာ။ ဒါတောင် အပန်းဖြေရက်မို့လို့ ရတာ"

မြူးလှဲ့နွယ်က အေးဆေးသက်သာပဲ ပြောလိုက်တာပါ။ ဒါပေမယ့် အာကာ ခေါင်းငိုက်စိုက်ကျသွားပါတယ်။ ရင်ထဲမှာလည်း တုန်ခိုက်လှိုက်မောသွားမိတယ်။

" ငါထင်တာ နင်က အဲဒီပုံစံမျိုး မဟုတ်ဘူး"

" ဘယ်လို ပုံစံမျိုးထင်ထားလို့လဲ"

" လွတ်လပ်မယ်ထင်တာ... ထားလိုက်ပါ အဲ့ဒါတွေ..."

အာကာက လမ်းလျှောက်နေရင်း ရုတ်တရက် ကတ္တရာလမ်း ပေါ် ဖတ်လက်လှန်လဲအိပ်ချလိုက်ပါတယ်။ ပြီးတော့ မြူးလှဲ့နွယ်ကို လက်ယပ်ခေါ်တယ်။

" လာ... ဒီကို"

" ဟင်... ဘာလုပ်မလို့လဲ..."

မြူးလှဲ့နွယ် နည်းနည်းတော့စိတ်လှုပ်ရှားနေတယ်။ အာကာ ကလည်း အတင်းစွတ်ရွတ်ခေါ်တာဘဲလေ။

" လာစမ်းပါဟာ"

" ဘာလုပ်မလို့ ခေါ်နေတာလဲ"

" ပြစရာရှိလို့"

" ဘာပြမှာလဲဟင်"

" ကောင်းကင်ကြီးကို ပြမလို့။ ဒီလို ပက်လက်လှန်ပြီး ကြည့်ရတာ အရမ်း အရသာရှိတာ။ ငါနဲ့ ချမ်းသာဆို ကြည့်နေကျ။ ရှုခင်းက တအား လှတယ်။ လာလုပ်ကြည့်ပါလား"

" အင်း... စမ်းကြည့်မယ်"

မြူးလှဲ့နွယ်လည်း စိတ်ပါဝင်စားသွားပြီး အာကာ့နံဘေးနားမှာ ပက်လက် ကလေး လာလှဲအိပ်တယ်။ ပြီးတော့ ကောင်းကင်ပြင်ကြီးကို ခပ်စူးစူးလေး

www.burmeseclassic.com



မော့ကြည့်တယ်။

လက တစ်ခြမ်းပဲ။ ကြယ်တွေက ဖွေးဖွေးလက်လက်။ တိမ်တွေက ပြိုမလို အိတွဲနေတယ်။ ကြည့်ရင်းဘဲ အလင်းတစက်စက်နဲ့ ကောင်းကင်ရှုခင်းကို သူမ သဘောကျနှစ်ခြိုက်သွားပါတယ်။

" ဟုတ်တယ်နော်။ အရမ်းလှတာပဲ။ ပန်းချီဆွဲချင်စိတ်တောင် ပေါက်လာပြီ"

ကောင်းကင်ပြင်ကြီးကို ငုံးငုံးစိုက်စိုက်ကလေး မော့ကြည့်နေတဲ့ ကောင်မလေး ထိုဘေးတစောင်း ငေးရင်း အာကာရဲ့ စိတ်တွေ မငြိမ်မသက် ဖြစ်လာတယ်။ သူမ လှနေတာကိုက သူ့အတွက်တော့ တကယ့် ခက်ဖွယ်....။

အခွေအလိပ်တွေနဲ့ ဆံနွယ်ရှည်တွေက ကတ္တရာလမ်းပေါ်မှာ ကပိုကရို ပုံကျနေတယ်။ ဆင်စွယ်နှစ်လို ဖြူနုဝင်းမွတ်တဲ့ အသား အရည်က လရောင်ခြည်ကို ထုံလိုမြဲမြဲ လှနေတယ်။

မျက်အိမ်ကျယ်ကျယ်၊ နှာတံသွယ်သွယ်၊ မျက်တောင်ကော့ကော့၊ နှုတ်ခမ်းပါးက စိုစိုပြည်ပြည်...... မက်မောစရာတွေက သူမကိုယ်မှာ ပြည့်စုံ နေရည်ရဲ့။

သူ အထိန်းအကွပ် မဲ့သွားတယ်။

" ချစ်တယ်"

" အို"

ကောင်းကင်ကြီးကို ကြည့်နေတဲ့ ကောင်မလေးရဲ့ ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားတယ်။ အကြည့်တွေ ပြောင်းရွှေ့ပြီး လူက ဘေးတစောင်းလေး ကြည့်လာတယ်။

" ခုန ဘာပြောလိုက်တာလဲဟင်"

" ချစ်တယ်လို့ ပြောလိုက်တာ"

" ဘယ်သူ့ကိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



" သူ့ကိုပေါ့"

ကောင်လေးရဲ့ လက်ညှိုးလေးက ကောင်မလေးရဲ့ နှုတ်ခမ်း စုစုလေးပေါ် ကျရောက်သွားတယ်။

" ပြောစမ်းပါဦး၊ တို့ကို ပြန်ချစ်မယ်မို့လားဟင်"

ကောင်မလေးက ဘာမှပြန်မပြောဘဲ လှဲလှဲလေး ပြုံးနေတယ်။ ကောင်လေးက ကောင်မလေးရဲ့ မျက်နှာပေါ် ဖွာကျနေတဲ့ ဆံနွယ် အခွေအလိပ်ကလေးတွေကို အယုအယ သပ်တင်ပေးလိုက်တယ်။ ပြီးတော့ တရွေ့ရွေ့ တိုးကပ်လို့သွားတယ်။

ကောင်မလေးကလည်း အသာတကြည်ပါပဲ။

သူတို့ ပိုမိုနီးစပ်သွားကြတယ်။

အဲဒီလို အချိန်အခါမှာဘဲပေါ့...

" ရှူး..."

" ဟင်... ကား... ကားလာတယ်..."

" ဟိုက်... ခွပဲ"

နှစ်ယောက်သား... ကတိုက်ကရိုက်... အပြေးအလွှား... ဝရုန်းသုန်း ကားပေါ့။

ကားက သူတို့နဲ့ဘေးနားက ဝူးခနဲ ဖြတ်၍ပြေးသွားတယ်။

" ဟူး... တော်ပါသေးရဲ့"

ကောင်မလေးက ရင်ဘတ်ကလေးဖိပြီး ဘုရားတတယ်။ (ဖီးလ်ပျက်သွား သလားတော့ မသိဘူး)

" ကရျာဆန်နေတာ ကံကောင်းလို့ ကားတိုက်မခံရတယ်နော်..."

" အဟင်း ... ဟုတ်တယ်"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီးတခွိမ့်ခွိမ့် ရယ်ကြတယ်။ တစ်လောကလုံး အိပ်ပျော်နေသလို တိတ်ဆိတ်နေချိန်မျိုးမှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထွက်လာတဲ့ သူတို့ရဲ့ ရယ်သံဟာ မြတ်နိုးဖွယ် ဂီတ သံစဉ်တစ်ခုလို ခြိမ့်ထွန်းနေလေရဲ့။

နှင်းဦးဟာ ပျံလွှားငှက်တွေနဲ့အတူ သူတို့အတွက် ချစ်ခြင်းတွေကိုပါ ယူဆောင်လို့လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## 3rd, December, 2007
## Yangon

" သူတို့ချစ်သွားကြတယ် မဟုတ်လား"

အမယ်အိုက ခြောက်ကပ်အေးစက်သော လေသံဖြင့် မေးလိုက်၏။ အဖိုးအိုက အမယ်အို၏ မျက်ဝန်းတွေကို တစ်ချက်စိုက်ကြည့်ပြီးမှ ခေါင်းညိတ်ပြသည်။

" ဟုတ်တယ်။ သူတို့ချစ်သွားကြတယ်"

" ကောင်းတယ်။ အဲဒီလို ဇာတ်လမ်းမျိုးပဲ ငါကြိုက်တယ်။ ဆက်ပြောပါဦး"

အမယ်အို၏ တောင်းဆိုမှုကြောင့် အဘိုးအို၏ မျက်နှာပြင် တွင် ကျေနပ်အားရဟန်က အတိုင်းသား ပေါ်လွင်လာလေသည်။ အဖိုးအိုသည် အရိုး ငေါငေါ လက်ချောင်းတွေဖြင့် စာရွက်တစ်ရွက်ကို ဖျာတ်ခနဲ လှန်သည်။ မှေးတော့ ဝေဝါးသော အကြည့်တွေက စာမျက်နှာထက်သို့ ပြန်လည်စိုက်ကျသွားတော့၏။

" သူတို့နှစ်ယောက်ဟာ ချောက်နေ့ကစပြီး တတွဲတွဲပဲ။ အားလပ်ချိန်တိုင်းကို အတူတကွ ကုန်ဆုံးကြတယ်။ ရေတံခွန်မှာ ကောင်မလေးက ပန်းချီသွားဆွဲရင် ကောင်လေးကလည်း ရေဆော့ရင်း အဖော်လိုက်ပေးတယ်။ သူတို့နှစ်ယောက်ဟာ ဝါသနာ အကျင့်စရိုက် အဆင့်အတန်းချင်း မတူညီကြပေမယ့် တူညီတာ တစ်ခုကတော့ တစ်ယောက်ကိုတစ်ယောက် အရူးအမူး ချစ်ကြတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ချစ်သူဖြစ်ရိုးမှာ အာကာဆိုတဲ့ ကောင်လေးရဲ့အသက်က ဆယ့်ရှစ်နှစ်၊ မြူးလှဲ့နွယ်ဆိုတဲ့ ကောင်မလေးရဲ့ အသက်ကတော့ ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ်။ ငယ်ရွယ်သူတွေပီပီ သူတို့ဟာ အချစ်ကို အရမ်းကိုးကွယ်ကြပါတယ်။

တစ်ညနေမှာတော့ မြူးလှဲ့နွယ်က ပန်းချီကားချပ်တွေကို ကိုင်ပြီး အာကာတို့ အိမ်ကို သွားလည်တယ်။ အာကာက မြူးလှဲ့နွယ်နဲ့ သူ့အဖေကို မိတ်ဆက်ပေးတယ်...”

www.burmeseclassic.com

www.burmeseclassic.com



**13rd, March, 1956**

**Pyin Oo Lwin**

" အမေ… ဒါ ကျွန်တော် ပြောပြောနေတဲ့ မြူးလဲ့နွယ်ဆိုတာပေါ့။ နွယ်… ဒါ ငါ့အမေလေ"

" တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်"

" ငါ့နာမည်က အန်ကယ် မဟုတ်ပါဘူးဟ။ ဟိန်းထွဋ်ပါ။ သေချာ မှတ်ထား။ ဟိန်းထွဋ်… ဟိန်းထွဋ်… ဦးဟိန်းထွဋ်တဲ့။ အန်ကယ် မဟုတ်ဘူး"

" ရှမ်…"

မြူးလဲ့နွယ် အမှတ်တမဲ့ ကြောင်အမ်းအမ်းလေး ဖြစ်သွားပါတယ်။ ပြီးမှ အခြေအနေကို သဘောပေါက်ပြီး နားလည်အောင် ရှင်းပြရတယ်။

" အန်ကယ်ဆိုတာက အင်္ဂလိပ်လို ခေါ်တာပါ။ ဗမာလိုဆိုရင် ဦးလေးလို့ အဓိပ္ပာယ်ရပါတယ်"

" ဟေ… ဟုတ်လား။ ငါတို့ကို ငယ်ငယ်က ရွာဦးကျောင်း ဆရာတော်ဘုရား သင်ပေးတဲ့ အထဲမှာတော့ အဲဒီ အန်ကလယ်ဆိုတာ မပါဘူးကွဲ့"

" အဲ…"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလေရှုပ်လေ ဖြစ်မှာစိုးတာကြောင့် မြူးလှဲ့နွယ် ဘာမှ ဆက်မပြောခဲ့တော့ဘူး။ လျှာလေးသာ တစ်ချောင်းကိုက်နေလိုက်ရတယ်။ နည်းနည်းတော့ ငုပ်တာပေါ့။

" မြူးလှဲ့နွယ်က တော်တော်လှတာပဲ။ သား ပြောထားတာထက်တောင် ပိုလှနေပါလားဟေ့။ ငယ်ငယ်က ကြည့်ဖူးတဲ့ မယ်ကုဝဏ်စာတ်ဆုပ်ထဲက မင်းသမီး ကျနေတာပဲ"

" အယ်..."

အပြောမတတ်တော့ ဆဲသလို၊ အနေမတတ်တော့ ဖြသလို ဆိုတဲ့ စကားလိုတဲ့ ဒါလည်း တစ်မျိုးတော့ တစ်မျိုးပဲ။ နင့်တော့ နင့်တယ်။ မျှော်လိုက်တာဆိုမေ့မယ့် ခံရသူမှာတော့ အောက်သွားတယ်။

" သမီးလက်ထဲက ဘာတွေလဲ"

" ပန်းချီကားတွေပါ အန်ကယ်... အဲ... ဦးလေး..."

" မှန်း... ဒါဆိုကြည့်ရအောင်"

ဦးဟိန်းထွဋ်က လက်ဖြန့်တောင်းတော့ မြူးလှဲ့နွယ်က ပန်းချီကားချပ်တွေကို ပေးလိုက်တယ်။ ဦးဟန်းထွဋ်က ပန်းချီကားချပ်တွေကိုယူပြီး သေချာကြည့်ပါတယ်။

" ဒါတွေက ဝယ်လာတာလား"

"မဟုတ်ပါဘူး ဦးလေး...သမီးကိုယ်တိုင် ဆွဲထားတာတွေပါ"

" မကြီးမငယ်နဲ့ သမီးက တော်တော်ဆော့တာပဲ"

" အဲ..."

သူမရဲ့ အနုပညာစွမ်းဆောင်ချက်ကို ဆော့တယ်လို့ သုံးနှုန်း ခံလိုက်ရတာကြောင့် မြူးလှဲ့နွယ် အောင့်သက်သက် ဖြစ်သွားတယ်။ မသိရင် ဖုံသလိုပဲ။

ဦးဟိန်းထွဋ်က ပန်းချီကား နောက်တစ်ချပ်ကို ကြည့်ပြန်တယ်။ ဒီတစ်ခါတော့ သူမျက်နှာကြီး ပြုံးလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



" အမယ်… ဒီလိုပုံတွေကျတော့ သမီး လက်ရာက ဘယ်ဆိုးလို့တုန်း။ ဒီမျောက်ခေါင်းပုံကို ဆွဲထားတာကျတော့ ပီပြင်သားပဲ"

" မျောက်ခေါင်းပုံ ဟုတ်လား…။ ဘယ်မှာလဲ မျောက်ခေါင်းပုံ"

" ဒီမှာလေ… ကြည့်ပါလား။ တော်တော်ကို ပီပြင်တာ"

" ဟင်…"

မြူးလွဲနွယ် သောက်သောက်လဲ စိတ်ဆင်းရဲသွားပါတယ်။

" အဲ့ဒါ မျောက်ခေါင်းပုံ ဆွဲထားတာ မဟုတ်ဘူး ဦးလေးရဲ့။ အာကာ့ပုံကို ဆွဲထားတာ"

" ဟော… ဒါ ငါ့သားပုံ ဟုတ်လား။ ငါ့သားက ဒီပုံထဲမှာ ကျတော့လည်း ရုပ်ဖြောင့်သားပဲကွ"

" အင်"

အာကာပါ ခံစားလိုက်ရတယ်။ ပုံက မျောက်ခေါင်းနဲ့ တူတယ် ပြောပြီး ပုံထဲမှာကျတော့ ရုပ်ဖြောင့်သားပဲဆိုတော့ အာကာ့ခမျာ အပြင်မှာ မျောက်ထက် အရုပ်ဆိုးနေသလိုလိုပေါ့လေ။

ဦးဟိန်းထွန်းက ပတ်နက်နေပါတယ်။ မြူးလွဲနွယ်ကတော့ အခံရ အခက်ဆုံးပေါ့။ သူမ လက်ရာကို ကြည့်ပြီး တစ်ခုပြီးတစ်ခု ဒေါက်ဖြတ်နေတာ… ကြားရတာ နားကို အီစိမ့်နေတာပဲ။ စိတ်ခတ်တော င် ကျလာတယ်။

ဦးဟိန်းထွန်းက ပန်းချီကားတွေကို သူ ကြည့်ပြီးသွားတော့ မြူးလွဲနွယ်ကို ပြန်ပေးတယ်။ မြူးလွဲနွယ်က အဲဒီ ပန်းချီကားတွေ အာကာ့ကို အမှတ်တရ လက်ဆောင်အဖြစ် ပေးလိုက်ပါတယ်။ အာကာက ခနိုးမိုး ထရံကာထားတဲ့ သူတို့ အိမ်ကလေးအတွင်းမှာ မြူးလွဲနွယ်ရဲ့ ပန်းချီကားတွေကို ဘယ်နေရာတယ်လို ချိတ်ရဲ ရမှန်း မသိဘဲ ဖြစ်နေတယ်။ နောက်တော့ ကြံရာမရတာနဲ့ ပန်းချီကားတွေကို ဝါးကြမ်းခင်းထားတဲ့ သူ့အိပ်ယာကွပ်ပျစ်ကလေးပေါ်ပဲ သွားတင်ထားလိုက်တယ်။

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ဦးဟိန်းထွန်းက မီးတောက်အရက်ကို ကောက်ကာင်ကာ တစ်ခွက်တစ်ဖလားမော့ပြီး ထမင်းစားဖို့ပြင်တယ်။ ညည်သည်ဖြစ်တဲ့ မြူးလွဲနွယ်ကို လည်း သတိတရ ခေါ်ပါတယ်။

" မြူးလွဲနွယ်… သမီး… ငါတို့နဲ့အတူ မနက်စာ စားနိုင်မလား…"

" မနက်စာ… ဟုတ်လား…"

မြူးလွဲနွယ် ကြောင်သွားတယ်။ အပြင်မှာမြင့် မှောင်တော့မယ်လေ။ အာကာက ဝင်ပြောပါတယ်။

" အမေ… အမေ မှုးနေပြီထင်တယ်။ အခု စားရမှာက ညစာလေ။ မနက်စာ မဟုတ်ဘူး"

" အဲ့ဒါ ဘာဖြစ်လဲ။ မနက်စာလည်း ဒါ… ညစာလည်း ဒါပဲ ဥစ္စာ။ ဘာထူးလို့လဲကွာ"

သူပြောတာလည်း,ဟုတ်တုတ်တုတ်ပါပဲ။ သူတို့သားအဖ ဘဝက မနက်စာနဲ့ ညစာဆိုတာ အခေါ်အဝေါ်ပဲ ကွာတာပါ။ စားသုံးရတဲ့ ဆန်နီကြမ်း ထမင်းနဲ့ ငါးရည် တို့စရာ ဟင်းကတော့ မပြောင်းလဲဖြစ်တာ ကြာပါပြီ။

ဒါပေမယ့် အဲဒီတစ်နပ်ကိုတော့ မြူးလွဲနွယ်က သူတို့နဲ့အတူ စားမယ်ဆို တာကြောင့် အာကာဟာ ပဲပုပ်မီးဖုတ်ဆီစမ်းနဲ့ ဂျုံးမြစ်ထောင်းကို အလျှင်အမြန် စီစဉ်လိုက်ပါတယ်။ သူလက်ရာဟင်းလျာလေး မစိုမပိုကို မြူးလွဲနွယ်က အားပါးတရ အလုအယက် စားသောက်နေတာ မြင်ရတော့ အာကာ့မျက်ချက်က ဝက်ဝက်ကွဲပေါ့။

ဒါတွေဟာ တကယ့်ကို မထင်မှတ်တဲ့ အမှတ်တရတွေပါပဲ။

မြူးလွဲနွယ် ပြန်မယ်လုပ်တော့ မှောင်ရိုပိုးတဝါးနဲ့ အလင်းအား ဆိတ်သုဉ်း နေပြီမို့ အာကာက သူမကို လိုက်လို့ပို့ပေးပါတယ်။ သူမတို့ ငှားရမ်းနေထိုင်တဲ့ အိမ်ရှေ့ကို အရောက်မှာတော့ လက်ပြနှုတ်ဆက်ပြီး အာကာဟာ တစ်ယောက်တည်းပဲ ပြန်သွားခဲ့တယ်။ မြူးလွဲနွယ်ကတော့ အာကာ့ကျောပြင်လေးကို ငေးမှိုင်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဓ အခြေခံမှာ အာကာသအသွင်သဏ္ဍာန် လုံးရုံးလျှားလျှား ပျောက်ကွယ်သွားတော့မှ အိမ်ထွင်းကို ဝင်ဖြစ်တယ်။

ကံကြမ္မာက သူတို့ကို တောက်လျှောက်တော့ မျက်နှာသာ မပေးခဲ့ပါဘူး။

" မြူးလဲ့နွယ် "

" ဟယ်... ဒက်ဒီ "

တံခါးရဲ့ နံဘေးမှာ ဖခင်ဖြစ်သူကို မြင်လိုက်ရလို့ မြူးလဲ့နွယ် လန့်သွားပါ တယ်။

" အဲဒီကောင်လေးက ဘယ်သူလဲ "

" ဟို... ဟို... သူ... သူငယ်ချင်းပါ ဒက်ဒီ "

" သူက ဒီမြို့ကပဲလား "

" ဟုတ်... ဟုတ်ပါတယ် ဒက်ဒီ "

မဟုတ်တာ လုပ်ထားသူတွေရဲ့ ထုံးစံအတိုင်း မြူးလဲ့နွယ် တုန်တုန်လှုပ်လှုပ် ကြောက်ရွံ့နေတယ်။ သူမရဲ့ ဖခင်က သူမကို အကဲခတ်သလို စူးစူးရဲရဲ ကြည့်တယ်။

" မနက်ဖြန်ကျရင် အဲဒီကောင်လေးကို အိမ်ခေါ်လာခဲ့။ သူ့ကို ငါ တွေ့ချင်တယ် "

" ဟုတ်... ဟုတ်ကဲ့... "

မြူးလဲ့နွယ် သွက်သွက်လက်လက်ပဲ ခေါင်းညိတ်ပြလိုက်ရတယ်။ ဖခင်က စကား ဆက်မပြောတော့မှ သူမ မဝံ့မရဲလေး လှမ်းထွက်လာခဲ့ပါတယ်။

ညဟာ ကမမ်းကတမ်း အုံ့မှုလို့...။

www.burmeseclassic.com

www.burmeseclassic.com



**14rd, March, 1956**

**Pyin Oo Lwin**

သူကြွယ်တို့ရဲ့ နေလည်စာ ထမင်းဝိုင်းက အလှုံ့ပယ်ပန်းလျှော်တွေနဲ့ ငြိုင်နံ့နေပါတယ်။ အမယ်နံ့ပန်းလျှော်တွေကိုကြည့်ပြီး အာကာ တံတွေးကို မျိုချနေတယ်။

အိမ်က ထမင်းပွဲနှင့်တော့ ကွာလှပါ့မေ့။

" စားပါ မောင်ရင်... ထည့်စားပါ"

" ဟုတ်ကဲ့ခင်ဗျ"

" မောင်ရင်က သမီးရဲ့ သူငယ်ချင်းဆိုလို့ အခုလို ထမင်း ဖိတ်ကျွေးတာပါ"

" ကျေးဇူးအများကြီး တင်ပါတယ် ခင်ဗျ"

အာကာက လူဆင်းရဲပေမယ့် ယဉ်ကျေးမှုတော့ မဆင်းရဲပါဘူး။ အခြေအနေနဲ့ အချိန်အခါကိုကြည့်ပြီး အဆင်ပြေအောင် ဆက်ဆံတတ်ပါတယ်။ ထမင်းစားတော့ ချည်း ဣန္ဒြေမပျက်စေဘဲ သေသေဝပ်ဝပ်ကလေး စားတယ်။

အတူစားနေရင်း မြူးလွဲ့နွယ်က အာကာ့ကို ဟင်းတွေ ဆယ်ထည့်ပေးတယ်။ မြူးလွဲ့နွယ်ရဲ့ ဖခင်ဦးအုံးကျော်နဲ့ မိခင် ဒေါ်သီဂီနွယ်တို့ကတော့ ကလေးနှစ်ယောက်ရဲ့ ဆက်ဆံရေး အခြေအနေကို မသိမသာ အကဲခတ်နေကြတာပေါ့။

www.burmeseclassic.com



" မောင်အာကာက အခု ဘာအလုပ် လုပ်နေလဲ"

ဦးအုံကျော်ရဲ့ မေးခွန်းကြောင့် အာကာ လည်ချောင်းနင်သွား ရတယ်။

" ကျွန်တော်က… ကျွန်တော်က… အခု ပရိဘောဂ ပစ္စည်း လေးတွေ လုပ်ပါတယ်။ အဓိက ကတော့ အမှာရှိတာတွေ လုပ်ပေးရတာပါ"

" ဒါဆို မောင်အာကာက လက်သမား… အဲ… လက်သမား ဆရာပေါ့။ ဟုတ်လား"

" ဟုတ်… ဟုတ်ပါတယ်ခင်ဗျ…"

အာကာ ခေါင်းငုံ့ကျသွားပါတယ်။ စားနေရင်းတန်းလန်း တစ်တစ်ဆို့ဆို့နဲ့ ရင်ပြည့်သလိုလည်း ဖြစ်သွားတယ်။

" မောင်ရင့် အဖေ နာမည်က ဘယ်သူများလဲကွဲ့"

" ဦးဟိန်းထွဋ်ပါ ခင်ဗျ"

" အင်း … ဒီမြို့က မျက်နှာကြီးပိုင်းတွေကိုတော့ အန်ကယ် သိပါတယ်။ ဒါပေမယ့် ဦးဟိန်းထွဋ်ဆိုတာကိုတော့ မကြားမိဘူး။ မောင်ရင့်အဖေက ဘာအလုပ်များ လုပ်သလဲ မသိဘူး"

"ဟို…ဟို…"

သိမ်ငယ်စိတ်က ငယ်ထိပ်အထိ တက်ဆောင့်တယ်။ အာကာ့ လည်ချောင်း တစ်လျှောက်ဟာ ခြောက်ကပ်နင့်သီးလျက်…။ အသံတွေက ကွဲကွဲအက်အက်…။

" အဖေ… အဖေက… ဘာ… ဘာ အလုပ်မှ မလုပ်ပါဘူး"

" သြော်… သြော်…"

ခနဲ့သလို အသံထဲမှာ အဓိပ္ပာယ် သက်ရောက်မှုတွေ အစုံအလင် ပါဝင် နေတယ်။ အာကာ့ တစ်ကိုယ်လုံးဟာ သေးနုတ်ရှိန့်သွားပါတော့တယ်။ ဒါတောင် အဖေက အရက်သမားကြီး လုံးလုံးဖြစ်နေပြီဆိုတာ ဖွင့်မပြောရသေးပါဘူး။

ဟင်းလျာတွေ ဖွယ်ရာပါလျက် အာကာ ထမင်းဆက်စားလို့ ရတော့ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်။ ဒါကြောင့် တစ်ဝက်ကျိုးရုံပဲရှိသေးတဲ့ ထမင်းပွဲကို လက်စသင်ပစ်လိုက်ပါတော့တယ်။

" ဟယ်… အာကာ… နင်ဝပြီဟုတ်လား"

" အင်း…"

" ငါတောင်မဝသေးဘူး။ နင်ကလည်း စားပါဦးဟဲ့"

" တော်ပါပြီဟာ"

" ဘာလဲ… စားမကောင်းဘူးလား"

" ကောင်းပါတယ်။ ငါ့ကိုက သိပ်မဆာလို့ပါ"

ခြူးလဲ့နွယ်က ဖော်ရွေနေပေမယ့် ဦးအုံ့ကျော်နဲ့ ဒေါ်သီဂီနွယ်တို့ကတော့ ဆက်စားဖို့ကို မတိုက်တွန်းကြပါဘူး။ အာကာက အလိုက်တသိပဲ လက်ဆေးပြီး လက်သုတ်လိုက်ပါတော့တယ်။

သူငယ်ချင်းဆိုတဲ့ ပြယုဂ်နဲ့ လျှို့ဝှက်ထားရတဲ့ သူနဲ့ ခြူးလဲ့နွယ်တို့ရဲ့ ချစ်သူဆိုတဲ့ ဖြစ်စဉ်အမှန်ဟာ ဒီလိုနဲ့ဘဲ ပြီးဆုံးသွားရတော့မှာလား…။

အာကာ တိတ်တဆိတ် ကြေကွဲနေပါတယ်။ အခြေအနေကို တွက်ဆကြည့်လို့ ရနေပေမယ့် သူကိုယ်တိုင်က ခြူးလဲ့နွယ်ကို သိပ်ငြိတွယ်လွန်းနေတယ်။ သံယောဇဉ်ဆိုတာ ကိုယ့်ရင်ကိုယ် မညှာတမ်း ပြန်ခွဲတဲ့ စိတ်နှယ်မျှင် ဓားတစ်လက်ပါပဲ။

ခဏကြာလို့ ခြူးလဲ့နွယ် ထမင်းစားပြီးတော့ အာကာက သူပြန်ဖို့ ပြောပါတယ်။ အဲဒီအခါ ခြူးလဲ့နွယ်က အိမ်ရှေ့အထိ လိုက်လို့ပို့ပေးတယ်။ အနီးကပ်စကားလေးတွေပြော…၊ လက်ပြကာ နှုတ်ဆက်…တာ့တာပေါ့…။

သူတို့နှစ်ယောက်ရဲ့ အနေအထားကို ဦးအုံ့ကျော်နဲ့ ဒေါ်သီဂီ နွယ်တို့က ကိုယ်စီကိုယ်င ခန့်မှန်းနေကြပါတယ်။

" သူတို့တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ် တွယ်နေကြပုံ ဒီကိစ္စကို ရှင် ဘယ်လိုလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိသလိုပဲ နေလိုက်ပါ။ သိသိသာသာကြီး တားမြစ် ချုပ်ချယ်လိုက်ခါမှ အခြေအနေက ပိုဆိုးသွားဦးမယ်။ နေ့ရာသီပြီးတာနဲ့ သူတို့ရဲ့ ဇာတ်လမ်းကလည်း ပြီးသွားမှာပါကွာ"

ဦးအုံကျော်က သူ့အယူအဆနဲ့သူ တွေးတွေးဆဆ ပြောပါတယ်။ ဒေါ်သီဂီနွယ်ကတော့ စဉ်းစားရင်း စိတ်ရှုပ်ရင်း စဉ်းစားရင်း စိတ်ရှုပ်ရင်းနဲ့ပဲ စဉ်းစားရင်း စိတ်ရှုပ်စွာ ခေါင်းကိုခါတယ်။

သားသမီးဆိုတာ မိဘတွေအတွက်တော့ ရေခဲနဲ့ ညှိထားတဲ့ မီးတောက် တစ်ခုပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## 27th, March, 1956
## Pyin Oo Lwin

နွေဦးရာသီဟာ လူငယ်တွေရဲ့ အချစ်နဲ့ ဘာမှ မထူးခြားလှပါဘူး။ အာကာနဲ့ မြူးလဲ့နှယ်တို့ဟာ ဘာတွေရလာမယ်ဆိုတာ မသိတဲ့ အခြေအနေကြီးကို တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ် သံသယတွေနဲ့ တွေးပိုက်ရင်း ရှေ့ဆက်ဖြတ်သန်းနေကြလေရဲ့။

ကောင်းကင်ကြီး အရမ်းသာယာတဲ့ ဒီနေ့ညနေမှာတော့ သူတို့ နှစ်ယောက်ဟာ မြက်စိမ်းပြင်ပေါ်မှာ အကျအနထိုင်ပြီး ကောင်းကင်ကြီးရဲ့ အရောင်အသွေးကို မော့ကြည့်နေကြတယ်။ တွေ့ရိရိ စကားတွေလည်း ပြောဖြစ်ကြတယ်။

" အာကာ… ကောင်းကင်မှာ ငှက်တွေ ပျံနေတာ သိပ်လှတာပဲနော်။ ငါလည်း ငှက်ဖြစ်ချင်တယ် "

" ဘာဖြစ်လို့လဲ နှယ်ရဲ့ "

" လမ်းလျှောက်ရတာ ညောင်းလို့ "

" ဟင်…ဘယ်လို… လမ်းလျှောက်ရတာ ညောင်းလို့ ငှက်ဖြစ်ချင်တာ ဟုတ်လား "

" အင်းလေ… ငှက်တွေဆိုရင် လမ်းမှ သိပ်မလျှောက်ရတော့။ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



သွားချင်တဲ့နေရာကို အတောင်လေး တဖျတ်ဖျတ်ခတ်ပြီး သွားလိုက်ရုံပဲ။ ဒီလိုလေးလေ… ဒီလိုလေး… အဟဲဟဲ…"

ခြူးလဲ့နွယ်က ထိုင်နေရာမှထပြီး လက်ကလေးနှစ်ဖက်ကို အတောင်ပံလုပ်ပြီးတော့ ငှက်တွေပျံသလိုမျိုး တဖတ်ဖတ် ခတ်ပြတယ်။ သူမရဲ့ ချစ်စဖွယ် အမူအယာလေးက အာကာ့ကို သိမ်မွေ့စွာ ရစ်နှောင်ဖမ်းစားလေတယ်။

အာကာက ဆတ်ခနဲပဲ ထပြီး ခုန်ဆွခုန်ဆွလေးလုပ်နေတဲ့ သူမကို အတင်းဘဲကျောပေါ်တင်ကာ ချီပိုးလိုက်တယ်။ ရုတ်တရုတ်ကြီးဆိုတော့ ခြူးလဲ့နွယ်လန့်သွားရှာတာပေါ့။

" ဟာ… အာကာ… အို… ဘာလုပ်တာလဲ"

" နင်ပဲ လမ်းလျှောက်ရတာ ညောင်းလို့ ငှက်ဖြစ်ချင်တယ်ဆို။ အဲ့ဒါကြောင့် လမ်းမလျှောက်ရတော့အောင် ကုန်းပိုးလိုက်တာလေ။ နင် အခု ငှက်ဖြစ်သွားပြီမို့လား"

" အင်း… ဟုတ်တယ်။ ငါ ငှက်ဖြစ်သွားပြီ"

ခြူးလဲ့နွယ်က အာကာ့ကျောပြင်မှာ ပါးကလေးအပ်ပြီ မိမ်ရှိစွာ ပျော်မွေ့သွားပါတယ်။ အာကာက ခြူးလဲ့နွယ်ကို လွယ်ပိုးပြီး တဟူးဟူးတဟေးဟေး အော်မြည်ကာ လျှောက်ပြေးနေချေတော့ရဲ့။

အာကာလည်း ပျော်နေပါတယ်။ သူက ဒီကောင်မလေးကို ဖြစ်နိုင်မယ်ဆိုရင် တစ်သက်လုံးပဲ လွယ်ပိုးဖက်တွယ်ထားချင်တာ မဟုတ်လား…။

" နွယ်… နင့်ကိုငါ ပြချင်တာ တစ်ခုရှိတယ်"

" ဘာများလဲ"

" သိချင်ရင် မျက်စိလေးမှိတ်ပြီး အသာလိုက်ခဲ့။ ငါ ဖွင့်ဆိုမှ ဖွင့်နော်"

" အင်းပါ အာကာရဲ့"

ခြူးလဲ့နွယ်က နာခံစွာ မျက်လုံးလက်လက်ကလေးတွေကို မှိတ်ထားလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အာကာက သူမကို ချီပိုးလျက်ပဲ အရှေ့စူးစူးကို ပြေးထွက်သွားတယ်။ သူတို့ကို လမ်းနံဘေးမှ ပန်းကလေးတွေက ငေးလို့နေကြပါရဲ့။

အတန်ကြာမှ အာကာက ပြေးလွှားနေရာက ရပ်တန့်လိုက်ပါတယ်။

" နွယ်... မျက်လုံးဖွင့်လို့ရပြီ"

" ဟယ်"

ခြူးလဲ့နွယ် မျက်လုံးဖွင့်ဖွင့်ချင်း တွေ့မြင်လိုက်ရတာက မျက်စိးယိုယွင်းနေတဲ့ အိမ်အိုကြီးတစ်လုံးပါ။ သူမ ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်လို့သွားပါ တယ်။ အာကာက ရှင်းပြတယ်။

" နွယ်... ဒီအိမ်ကြီးက ငါ့ရဲ့ စိတ်ကူးထဲက တိုင်းပြည်ကြီး တစ်ခုပေါ့။ ငါ ပိုက်ဆံရှိတဲ့ အခါကျရင် ဒီအိမ်ကြီးကိုဝယ်ပြီး ကိုယ်တိုင်ပြန်ပြင်မလို့။ အားလပ် ချိန်တွေဆိုရင် ချမ်းသာကို ဒီခေါ်လာပြီး ဘယ်နေရာတွေကို ဘယ်လိုပြင်ရင် ကောင်းမလဲလို့ တိုင်ပင်ရတာ အမောပဲ။ အခုအချိန်ထိတော့ ငါ့စိတ်ကူးဟာ လက်တွေ့ ဘဝနဲ့ အရမ်းကွာခြားလွန်းနေပါသေးတယ်ဟာ။ ငါ့ကို နင် အရူးလို့ ထင်သွားပြီလား နွယ်"

"မထင်ပါဘူး အာကာရယ်၊ လူတိုင်းဟာ တစ်ယောက်တစ်မျိုး စိတ်ကူး တွေနဲ့ လုံးထွေးနေကြတာပဲ မဟုတ်လား။ လောကမှာ မဖြစ်နိုင်တာ မရှိဘူး။ မဖြစ်သေးတာပဲ ရှိတယ်ဆိုတဲ့စကား ရှိသားပဲ။ နင် ကြိုးစားရင် နင့်စိတ်ကူးတွေဟာ တစ်နေ့တော့ အကောင်အထည်ပေါ်လာမှာပါ"

"အဲဒီတစ်နေ့အထိ နင်က ငါ့နံဘေးမှာ ရှိနေပေးမှာလား နွယ်"

" ရှိနေပေးမှာပေါ့ အာကာရယ်"

ခြူးလဲ့နွယ်ရဲ့ အဖြေစကားကြောင့် အာကာ ကျေနပ်လို့သွားပါတယ်။ အချစ်ဆိုတာ ထုထည် မရှိပေမယ့် ကြီးမားသိပ်သည်းတဲ့ အင်အားတစ်ရပ်ပါပဲ။

" နွယ်... နင့်ကိုငါ အတွင်းထဲ လိုက်ပြမယ်။ ကြည့်မလား"

" ကြည့်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အာကာက မြူးလှဲ့နွယ်ကို ကျောပေါ်ကနေ အသာအယာ မြေပေါ်ချပေးလိုက်တယ်။ ပြီးတော့ နှစ်ယောက်သား သော့မရှိတဲ့ တံခါးမကြီးကို တွန်းဖွင့်ပြီး အိမ်အတွင်းထဲ ဝင်သွားလိုက်ကြတယ်။

အိမ်ကြီးက ကျယ်ပေမယ့် တော်တော် အိုဟောင်းနေပါပြီ။ အချို့အစိတ်အပိုင်းတွေဆို လဲပြိုကျိုးပဲ့လို့တောင် နေပါပြီ။ ပြတင်းတံခါးတွေအားလုံး ပိတ်ဆို့ထားတာမို့ အလင်းရောင် အားနည်းပြီး အမှောင်မှာ တွယ်နေတဲ့ ပင့်ကူအိမ်တွေကလည်း ရှုပ်ယှက်ငြိတွေးလျက် ရှိနေပါတယ်။

" ဒီအိမ်ကြီးက အရင်တုန်းက ရှမ်းစော်ဘွားတစ်ဦး နေခဲ့တဲ့ အိမ်ကြီးပေါ့။ အခုတော့ ဒီမြို့က စက်သူဌေးတစ်ဦး ပိုင်တယ်။ ဘယ်သူမှလည်း မနေဘဲ ပစ်ထားတာ။ ပြန်ဝယ်ရင် ဈေးပေါပေါနဲ့ရမှာ။ ငါသာ ဒါကြီးကို ဝယ်ပြီးသွားရင် ကြမ်းခင်းအသစ် လဲရမယ်။ ခေါင်မိုးရော... နံရံရော... အားလုံးပြင်ရမှာ... ဒီမှာက ရေလည်း အဆင်ပြေတယ်... အိမ်နောက်ဖေးမှာ ရေကန်ကြီး တစ်ကန်ရှိတယ်ဟ"

အားတက်သရောပြောနေတဲ့ အာကာ့ကို မြူးလှဲ့နွယ် စာနာစိတ်စွာ ဂရုဏာသက်သွားပါတယ်။ တဲအိုထဲမှာနေရတဲ့ အာကာ့အတွက်တော့ ဒီအိမ်ပျက်ကြီးဟာ စိတ်နဲ့မှန်းတဲ့ ကောင်းကင်ဘုံက နတ်နန်းပေါ့။

" အိမ်ကြီးကို ပြင်ပြီးသွားရင် အိမ်ထဲမှာ ထားရမယ့် ပရိဘောဂပစ္စည်းတွေလည်း လုပ်ရဦးမယ်။ အဲ့ဒါတွေကိုလည်း ငါကိုယ်တိုင် လုပ်မယ်။ အားလုံးကို ငါ့စိတ်ကြိုက်ချည်းပဲ လုပ်မယ်"

" ဒါဆို ငါကရော... ငါ့ကိုကျတော့ စကားထဲတောင် ထည့်မပြောဘူး"

" နင်က ပြောစေချင်လို့လား"

" ပြောစေချင်တာပေါ့။ ဒီအိမ်ကြီးကို ပြင်တဲ့အခါကျရင် ငါ့ အိုင်ဒီယာလည်း ပါချင်တာပေါ့ဟ"



www.burmeseclassic.com

www.burmeseclassic.com



မြူးလှဲ့နွယ်က ဝေါက်ဆတ်ဆတ်ကလေးပြောတော့ အာကာ သဘောကျသွား ပါတယ်။

" ကဲ… ဒါဆိုလည်း ပြော… နင်က ဘယ်လိုဖြစ်စေချင်လဲ"

" ငါက အိမ်ကို အဖြူရောင်ပဲ ကြိုက်တယ်။ ခေါင်မိုးကို တော့ အနီရောင် အုတ်ကြွပ်တွေ မိုးမယ်။ ရေကန်ထဲမှာလည်း ကြာပန်းတွေ စိုက်မယ်။ အိပ်ခန်း ထဲကနေ ကြည့်လိုက်ရင် ကန်ရေပြင်ကို လှမ်းမြင်နေရမယ်။ အဲ့ဒါမှ ငါပန်းချီဆွဲလို့ ကောင်းမှာ"

" ဟုတ်ပါပြီ။ ဆက်ပြောပါဦး။ ဘာကျန်သေးလဲ"

" ပြီးတော့… အိမ်ပတ်ပတ်လည်မှာ ဝရန်တာ ထုတ်ထားမယ်။ အဲ့ဒါဆိုရင် ငါတို့ကော်ဖီသောက်ရင်း ရှုခင်းတွေ ကြည့်လို့ရတယ်။ နေထွက်တာကိုလည်း ကြည့်နိုင်တယ်။ နေဝင်တာကိုလည်း ကြည့်နိုင်တယ်။ နောက်ထပ်တစ်ခုက… အရမ်းအေးတဲ့ အချိန်တွေကျရင် အသုံးပြုဖို့ မီးလင်းဖိုတစ်ခု လုပ်ထားရမယ်။ ဘယ်လိုလဲ… နင် ငါပြောသလို လုပ်မှာလား"

" အင်း… လုပ်မယ်လေ"

" နင် ကတိပေးလား"

" အင်းပါ… ကတိပေးပါတယ်"

" ဒါဆိုပြီးရော…"

နေလုံးဟာ စုံးစုံးမြုပ်လုပါပြီ။ အိမ်အတွင်းမှာ အရမ်းမှောင်နေတာကြောင့် မြူးလှဲ့နွယ်က ပြတင်းတံခါးတစ်ခုကို ဖွင့်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် မလွယ်ကူသူး ဖြစ်နေပါတယ်။

အဲဒီအချိန်မှာဘဲ…

" ကျွီ… ကျွီ…"

" အမယ်လေး…"



www.burmeseclassic.com

www.burmeseclassic.com



မြေကြွက်ကြီးတစ်ကောင်က သူမ ခြေထောက်နှစ်ချောင်း ကြားက ဖြတ်ပြေးသွားတာကြောင့် မြူးလုံးနှယ် အလန့်တကြား ခုန်ရှောင်လိုက်တယ်။ ခြေလွတ်လက်လွတ်ဖြစ်ပြီးတော့ မြို့အကျမှာ အောက်ကြမ်းခင်း မညီတာကြောင့် ခြေချော်ပြီး သူမယိုင်လဲသွားပါတယ်။

အဲ့ဒီအခါ အနားမှာရှိတဲ့ အာကာက သူမလက်မောင်းသားနုနုကို အလျှင်အမြန် ဖမ်းဆွဲထားလိုက်တယ်။ ဒါပေမယ့် ကတိုက်ကရိုက်မို့ သူမရဲ့ ကိုယ်အလေးချိန်ကို မနိုင်ဘဲ သူပါ သူမအပေါ် ထပ်လို့ လဲပြိုကျသွားပါတယ်။

အရာရာဟာ တယ်မက်ဖွယ် နူးညံ့လို့သွားပါရဲ့။

အငွေ့အသက်တွေက နွေးထွေးစွာ မြူဆွယ်ရိုက်ခတ်နေတယ်။ သူတို့နှစ်ယောက်စလုံးရဲ့ ငြိမ်သက်မှုက တိတ်ဆိတ်ခြင်းကို ပိုမိုကြီးစိုးလာစေပါတယ်။ အမှောင်ဟာ လွတ်လပ်ခြင်းနှင့်အတူ သွေးဆောင်ဖြားယောင်းရင်း ခံစားမှုကို အမြင့်ဆုံးထိရောက်အောင် ဆွဲခေါ်နေတယ်။ သွေးသားဆန္ဒရဲ့ သိမ်းသွင်းမှုမှာ သူတို့ရဲ့ ဆင်ခြင် ချုပ်ထိန်းနိုင်စွမ်းဟာ အမှောင်အတိကျသွားပါတယ်။

ပင့်သက်ရှိုက်သံ…။ တုန်ယင်မောဟိုက်သံ…။

ဆွဲငင်အားကြီးမားတဲ့ စက်ကွင်းတစ်ခုအတွင်း သူတို့ အတူတကွ ကျရောက်သွားပါတော့တယ်။

◉



www.burmeseclassic.com

www.burmeseclassic.com



**27th, March, 1956**

**Pyin Oo Lwin**

ညဟာ တဖြည်းဖြည်း နက်မှောင်ရင့်ရော်လို့လာပါပြီ။ လရောင်တစ်ဝက်တစ်ချပ်တာ အိမ်နံ့ရံအပေါက်အပြဲတွေထဲမှ ထိုးဆင်းချောင်းမြောင်းနေတယ်။

မီးစာမရှိရင်တောင်မှ တောက်လောင်တတ်တဲ့ ရမ္မက်မီးလျှံဟာ မီးစာရှိနေတော့ ငြိမ်းသတ်လို့မရနိုင်အောင် ဖြစ်နေတော့တာပေါ့။ အချိန်နာရီ နေရာဒေသအားလုံးကို သူတို့နှစ်ဦး လျစ်လျူရှုထားကြလေရဲ့။

သူတို့ဟာ ဒီညကို ဒီအတိုင်းပဲ ကူးဖြတ်တော့မယ်လို့ စိတ်ခုံးခုံးရှားလိုက်ကြပါတယ်။ ဒါပေမယ့် အခြေအနေက သူတို့ စိတ်ဦးသလို ဖြစ်ခွင့်မရှိပါဘူး။

" အာကာရေ… အာကာ… မင်း ဒီမှာရှိနေလား"

ခေါ်သံနှင့်အတူ မီးရောင်တဝင့်ဝင့်နဲ့ အိမ်အိုကြီးအတွင်းကို ချမ်းသာ ဝင်ရောက်လာပါတယ်။ သူတို့နှစ်ဦး ကပျာကယာ လူးလဲထလိုက်ရရဲ့။

အာကာ နည်းနည်းတော့ ရှုတင်းတင်း ဖြစ်သွားပါတယ်။

" ချမ်းသာ… မင်းဘာလာလုပ်တာလဲကွာ"

" ငါတောင်းပန်ပါတယ်။ အနှောင့်အယှက် ဖြစ်သွားရင် ခွင့်လွှတ်ပါကွာ

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ကို ငါလိုက်ရှာတာ နှစ်နေပြီ။ နောက်ဆုံး ဘယ်မှာမှ မတွေ့လို့ ရှိလိမ့်နိုးနိုးနဲ့ ဒီလာကြည့်တာ"

" မင်းက ငါတို့ကို ဘာလို့ လိုက်ရှာနေတာလဲ"

" ခြူးလှဲ့နွယ်ရဲ့ မိဘတွေ အရမ်း စိတ်ပူနေပြီ။ အခုအချိန်ထိ သူတို့သမီး ပြန်မရောက်သေးလို့ဆိုပြီး မင်းအိမ်ကို လိုက်လာတယ်။ ငါ့ကိုလည်း လာမေးတယ်။ မင်းကော ခြူးလှဲ့နွယ်ကော ပျောက်နေတာကြောင့် ရဲကို အကြောင်းကြားပြီး တစ်မြို့လုံး လိုက်ရှာနေပြီ"

" ဟင်… ဒါဆိုဒုက္ခပါပဲ"

ခြူးလှဲ့နွယ် ထိတ်လန့်သွားပါတယ်။ အာကာ့မျက်လုံးကို သူမ တုန်တုန် လှုပ်လှုပ်ကြည့်တယ်။

" ဒါဆို ငါ အိမ်ပြန်မှ ဖြစ်မှာပေါ့။ အာကာ… ငါ အိမ်ပြန်လိုက်မယ်နော်"

" ပြန်မနေပါနဲ့တော့ နွယ်ရယ်။ ငါတို့နှစ်ယောက်ပေါင်းပြီး ဘဝအသစ် တစ်ခုကို တည်ဆောက်လိုက်ကြရအောင်လေ"

" မဖြစ်ဘူး အာကာ… အခုအချိန်မှာ ဘယ်လိုမှ မဖြစ်နိုင်သေးဘူး"

" ဘာဖြစ်လို့လဲ နွယ်။ ငါက ဆင်းရဲလို့လား"

" မဟုတ်ဘူး အာကာ။ ငါဆိုလိုတာ အဲ့ဒါ မဟုတ်ဘူး။ အခုအချိန်မှာ ငါက အသက်မပြည့်သေးဘူးလေ။ အဲ့ဒါကြောင့် ငါ ဘယ်လောက်ပဲ ကြည်ဖြူ ကြည်ဖြူ ငါ့မိဘတွေ သဘောမတူ ရင် နင် အကြီးအကျယ် ဒုက္ခရောက်သွားမှာပေါ့။ ငါက မိန်းမသားပါဟာ။ နာစရာရှိရင် ငါက နာရတာပါ။ ဒါပေမယ့် နင် ဒုက္ခ ရောက်မယ်ဆိုတာကို ကြိုသိနေပါရက်နဲ့ နွတ်မတိုးချင်ဘူး။ နင် ဒုက္ခရောက်မှာကို ငါ မလိုလားဘူး။ နင် ဒုက္ခမရောက်ရင် ငါ ကျေနပ်တယ် အာကာ"

မိန်းမသားတစ်ယောက်အနေနဲ့ ကြီးမားတဲ့ ခြူးလှဲ့နွယ်ရဲ့ ပေးဆပ်ခြင်းက ရဲရဲတောက်ပါပဲ။ အာကာ ခေါင်းငိုက်စိုက်ကျသွားပါတယ်။ သူ့ရင်ဟာ ပြင်းပြင်း

www.burmeseclassic.com

www.burmeseclassic.com



ထန်ထန် စူးကျည်လို့သာနေလေတော့ရဲ့။

" ငါတို့ရဲ့ အချစ်ဟာ စစ်မှန်တယ်ဆိုရင် တစ်နေ့မှာ ငါတို့ မလွဲမသွေ ဆေါင်းရမှာပါ အာကာရယ်"

ခြူးလဲ့နွယ်က အနာဂတ်အတွက် နိမိတ်ဖတ်ပါတယ်။ အာကာကတော့ စကားမဆိုနိုင်ရှာဘဲ တနုံ့နုံ့ဝမ်းနည်းနေတယ်။ ချမ်းသာက သူတို့နှစ်ယောက်ရဲ့ ခြစ်ပွားမှုကို သုံးသပ်လို့ကြည့်တယ်။ အနေအထားက ခန့်မှန်းရ သိပ်လွယ်ကူနေပါတယ်။

ခြူးလဲ့နွယ်က သူမ အဝတ်အစားတွေမှာ ပေကျံနေတဲ့ ဖုန်မှုန့်တွေကို စင်အောင် ခါထုတ်တယ်။ ပြီးတော့ မလှမ်းမကမ်းမြင် ခြေလှမ်းတွေနဲ့ အိမ်ခန်းတွင်းက တရွေ့ရွေ့ ထွက်ခွာသွားတယ်။ ချမ်းသာက အာကာ့ပခုံးကို ဖက်ပြီးနှစ်သိမ့် အားပေးရင်း နှစ်ယောက်သားခြူးလဲ့နွယ်နောက်က လိုက်လို့ ပို့ဆောင်ပေးကြပါတယ်။

တိတ်ဆိတ်မှုရဲ့ အခင်းအကျင်းက ဝေဒနာအမျိုးသရုက်တွေနဲ့ ကြပ်ဆို့လေးလံနေချေရဲ့။

အချိန်က ညဉ့်ဦးယံကို လွန်မြောက်ကာ နီးလာပါပြီ။ ခြူးလဲ့နွယ်တို့ မိသားစု ငှားရမ်းနေထိုင်တဲ့ အိမ်ရှေ့ကို သူတို့ သုံးယောက် ရောက်သွားတော့ ရဲတွေ လူကြီးတွေ ရှုပ်ယှက်ခတ် နေပါတယ်။

ခြူးလဲ့နွယ်က သူမ မိခင် ဒေါ်သိင်္ဂီနွယ်ထံ အပြေးတစ်ပိုင်း ချဉ်းကပ်လို့ သွားပါတယ်။

" မာမီ… သမီးကို လိုက်ရှာနေတယ်ဆို"

" ဟုတ်တယ်… အခု ညဆယ်နာရီ ကျော်နေပြီ။ မပြော မဆိုနဲ့ ဘယ်သျှောက်သွားနေတာလဲ"

" အဲ့ဒါ သူ့အပြစ် မဟုတ်ပါဘူးခင်ဗျ။ ကျွန်တော့် အပြစ်ပါ။ ကျွန်တော် နာရီမကြည့်မိလို့ အခုလို ဖြစ်သွားရတာပါ။ ကျွန်တော့် ပေါ့ဆမှုအတွက်



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ်"

အာကာက ချစ်သူရှေ့မှ ရပ်တည်ကာ အနူးအညွတ် ကာကွယ်ပေးပါတယ်။ အဲဒီမှာ ခြူးလဲ့နွယ်ရဲ့ ဖခင် ဦးအုံကျော်က အာကာ့ကို တွန်းထုတ်ပစ်လိုက်ပါတယ်။

" ငါတို့ မိသားစုချင်းပဲ စကားပြောချင်တယ်။ မင်း ဝင်မပါနဲ့။ ဘေးဖယ်နေ"

အာကာ့ကို ချမ်းသာက ဆွဲထားလိုက်ရတယ်။ ဦးအုံကျော်က ခြူးလဲ့နွယ်မျက်နှာကို ခပ်မာမာ ကြည့်ပါတယ်။

" ဒီအချိန်မှ ပြန်လာရအောင် နင်တို့ ဘယ်တွေသွားပြီး ဘာတွေလုပ်နေကြတာလဲ ငါ့ကို ပြောစမ်း"

သမီးအေနဲ့ ဦးအုံကျော် တော်တော်ဒေါသထွက်နေပါပြီ။ ခြူးလဲ့နွယ်ခေါင်းမှာတော့ ခပ်ငိုက်ငိုက်ရပ်ရင်း ခေါင်းလေးငုံ့ထားပါတယ်။ ရဲအရာရှိတွေ ရှေ့မှာလည်း ဖြစ်တာမို့ ဒေါ်သီဂီနွယ်ဆို ရှက်လို့ မဆုံး ဖြစ်နေပါတော့တယ်။

" ဒီကောင်လေးနဲ့ တွဲတာကို သမီး ရပ်သင့်ပြီ။ သူစိမ်းယောကျ်ားလေးတစ်ယောက်နဲ့ ည ဆယ်နာရီကျော်အထိ လျှောက်သွားတယ်ဆိုတာဟာ မိန်းကလေးတစ်ယောက်အနေနဲ့ ဘယ်လိုမှ မသင့်လျော်ဘူး။ လိုအပ်တာ မှန်သမျှ ဖြည့်ဆည်းပေး ပြီး ဆယ့်ခုနစ်နှစ်လုံးလုံး ပိုးမွှေးသလိုမွေးပြီးတော့ ပြုစုပျိုးထောင်လာခဲ့တာ ဘာမဟုတ်တဲ့ ကောင်လေးတစ်ယောက်လက်ထဲကို ထိုးအပ်လိုက်ဖို့ မဟုတ်ဘူး"

" အာကာက ဘာဖြစ်နေလို့လဲ မာမီရယ်။ အာကာက လူကောင်းတစ်ယောက်ပါ"

ခြူးလဲ့နွယ် မငံ့မရဲလေး ပြန်ပြောတယ်။ သူမ ပြောတာဟာ အမှန်တရားတစ်ခုဆိုရင်တောင် ဒေါ်သီဂီနွယ်က လက်သင့် မခံပါဘူး။

" သူက သမီးနဲ့မှ မတန်ဘဲ သမီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



" တန်ပါတယ် မာဓိရယ်။ ဘာလို့ မတန်ရမှာလဲ"

" သူနဲ့ သမီးက အဆင့်အတန်းချင်း မတူဘူး"

" ဒါပေမယ့် သူ့ကိုပဲ သမီးချစ်တယ်။ လက်ထပ်ရင်လည်း သူနဲ့ပဲ လက်ထပ်မယ်"

" စိတ်ကူးမယဉ်ချင်စမ်းပါနဲ့ သမီးရယ်။ သမီးအသက်က အခုမှ ငယ်ငယ်လေးပဲ ရှိပါသေးတယ်။ ဘဝအကြောင်း ခံစားမှု အကြောင်းတွေ ဘာမှ မသိသေးပါဘူး။ တကယ်တော့ လူငယ်တွေရဲ့ အချစ်ဟာ ကောက်ရိုးမီးလိုပါပဲ။ တဖွဲ့ဖွဲ့ တဟုန်းဟုန်းတောက်လောင်ပြီး ကြာတော့လည်း ဘာမှမဟုတ်တော့ဘဲ မေ့ပျောက်ငြိမ်းသေသွားကြတာပါ။ သမီးလည်း အခုခံစားနေရတာတွေဟာ နောင်တစ်ချိန်မှာ ရယ်စရာ ဖြစ်သွားပါလိမ့်မယ်"

" ဟင့်အင်း… မာဓိ… အာကာနဲ့ ပတ်သက်တဲ့ သမီးရဲ့ ခံစားမှုတွေဟာ ရယ်စရာဖြစ်သွားရလောက်တဲ့အထိ မသေးနုတ်ဘူး။ သမီးရင်ထဲမှာ သူ့ကို ဘယ်တော့မှ မေ့ပျောက်မသွားမှာ သိပ်ကို သေချာတယ်။ သူ့ကို သမီး အရမ်းချစ်တယ်။ သူ့ကိုပဲ သမီး လက်ထပ်မယ်"

" တိတ်စမ်း သမီး… မဖြစ်နိုင်တ⋯တွေ မပြောစမ်းနဲ့။ သမီးနဲ့ သူ့ကို ထိုးဝ သဘောမတူနိုင်ဘူး။ သမီးက သူ့အတွက် မဟုတ်ဘူး။ သမီးက ရွှေပေါ်မြတင် မွေးထားတာ။ သူက အဆင့်မရှိတဲ့ ကလေကချေ အောက်တန်းစား…"

ကလေကချေ… အောက်တန်းစား… ကလေကချေ… အောက်တန်းစား…

အဲဒီစကားသံဟာ အာကာ့နားထဲမှာ ထစ်ချုန်းပြီး နှလုံးသားကို အဆိပ်ဆူး တစ်ချောင်းလို စိုက်ဝင်ထိုးမွေသွားလေရဲ့။

အာကာ အောင့်အောင့်မျက်မျက် ရှုံ့ရှက်ရှုံ့သွားပါတယ်။ အခံရခက်တဲ့ တစ်ခုခု ပြန်ပြောဖို့ ရှေ့တိုးလိုက်စဉ်မှာဘဲ ချမ်းသာက သူ့လက်ကို ဆွဲကာ တား ထားတယ်။ ဒါကြောင့် စိတ်ကိုထိန်းပြီး ဘာမှ ပြန်မပြောတော့ဘဲ ဒီနေရာက

www.burmeseclassic.com

www.burmeseclassic.com



နွာဖို့ လှည့်ထွက်လိုက်တယ်။

အဲဒီအခါ မြူးလွဲ့နွယ်က သူ့အနား အပြေးရောက်လို့ လာပါတယ်။

" အာကာ… နင်သွားတော့မလို့လား"

" ဟုတ်တယ်။ ငါသွားတော့မယ်။ အဆင့်ရှိတဲ့ လူတွေ နေတဲ့နေရာမှာ အဆင့်မရှိတဲ့ ငါလို ကလေကချေ အောက်တန်းစားက ဆက်ရှိနေဖို့မှ မလိုအပ်တာ။ အပိုဖြစ်နေတဲ့ အတူတူ ငါထွက်သွားတာက အားလုံးအတွက် အကောင်းဆုံး ဖြစ်မှာပါ"

အာကာက ခေါင်းငုံ့ရင်း ဆက်လျှောက်သွားတယ်။ မြူးလွဲ့နွယ်က အာကာ့ လက်ကို ဆောင့်ဆွဲပြီး အာကာ့ရှေ့မှာ ပိတ်ရပ်လိုက်ပါတယ်။

" နင့်ကို မလိုတဲ့ လူတွေထဲမှာ ငါတစ်ယောက် မပါဘူးလေဟာ။ အာကာ… နင့်ကိုငါ တောင်းပန်ပါတယ်။ ဘယ်လို တောင်းပန်ရမယ်ဆိုတာတောင် မသိတော့ဘူး"

" ရပါတယ်။ ကိစ္စမရှိပါဘူး။ ဖယ်ပါ… ငါသွားတော့မယ်"

" နင့်ကိုငါ မသွားစေချင်ဘူး။ နင့်ထွက်သွားရင် နင်နဲ့ငါ တစ်သက်လုံး ဝေးသွားရမှာလိုမျိုး ငါကြောက်နေမိတယ်။ ပြင်ဆင်လို့ မရတော့တဲ့ ငါ့ရဲ့ ဆုံးဖြတ်ချက်ဟာ မှားသွားပြီလားဟင်။ ပြောစမ်းပါဦးအာကာရယ်… နင့်စကားကို နားမထောင်ဘဲ ငါဒီကို ပြန်လာမိတာ မှားသွားပြီလား…"

" နင်မမှားပါဘူးဟာ။ နင်ဆုံးဖြတ်တာ မှန်ပါတယ်။ နင်နဲ့ ငါဟာ တကယ်လည်း အဆင့်အတန်းချင်းကွာခြားလွန်းပါတယ်။ နင်က ဘဝမှာတက်လမ်း တွေရှိတယ်။ အကောင်းဆုံးဆိုတာတွေကို ပိုင်ဆိုင်တယ်။ ငါ့မှာတော့ အကောင်းဆုံး ဆိုတာတွေ တစ်ခုမှ မရှိဘူး။ အဖျင်းဆုံး အညံ့ဆုံးဆိုတာတွေပဲ ရှိတယ်။ ပြီးတော့ … ငါ့မှာ နင့်ကို ပြည့်ပြည့်စုံစုံထားနိုင်တဲ့ ပိုက်ဆံဆိုတာလည်း… မရှိဘူး…"

ပြောနေရင်းတန်းလန်း အာကာ့အသံတွေ တုန်ယင်အက်ကွဲလာတယ်။

www.burmeseclassic.com



သူ့ကိုကြည့်ပြီး ခြူးလဲ့နွယ်ရဲ့ မျက်ဝန်းမှာလည်း မျက်ရည်တွေ စိုလဲ့စိမ့်ဆိုင်လာပါတယ်။ သူမဟာ အာကာ့လက်ကို မလွှတ်ဘဲ တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လို့ထားဆဲပါပဲ။

" အဲဒီငွေတွေ ဂုဏ်တွေကို ငါ မမက်မောပါဘူး အာကာရယ်။ ငါ တကယ်တမ်း မက်မောတာ နင့်ကိုပါဟာ။ နင်နဲ့နင့်အချစ် ရှိနေရင်ဘဲ ငါ့အတွက် ပြည့်စုံနေပါပြီ။ နင့်ကိုငါ အဆုံးရှုံးမခံနိုင်ဘူး။ ငါ ဘာပြောချင်တယ်ဆိုတာ နင် နားလည်မှာပါ"

" ငါ နားလည်ပါတယ် နွယ်ရယ်။ ဒါပေမယ့် ငါတို့ တစ်ယောက်ကို တစ်ယောက် နားလည်သလိုမျိုး တခြားလူတွေက ငါတို့ကိုမှ နားလည်မပေးနိုင်တာ။ ငါတို့အတွက် ပျော်ရွှင်စရာ အခါအခွင့်ဆိုတာတော့ ရှိလာဦးမှာပါဟာ။ အခုလော လောဆယ်တော့ ဒီနေရာကနေ ကလေးကချေ အောက်တန်းစား ငါ့ကို သွားခွင့်ပြုပါဦး နွယ်"

အာကာက ဒဏ်ရာရနေတဲ့ မျက်ဝန်းတွေနဲ့ ခြူးလဲ့နွယ်ကို စိမ့်စိမ့်ရှုရှု ကြည့်တယ်။ ပြီးတော့ သူ့လက်ကို ဆုပ်ကိုင်ထားတဲ့ သူမလက်ချောင်းလေးတွေကို ဆွဲဖြည်တယ်။

နောက်... သူမကို ဖယ်ကာ ရပ်ထားတဲ့ ခြေထောက်တွေကို အသွက် လက်ဆုံး လှုပ်ရှားပစ်လိုက်ပါတော့တယ်။

" အာကာ... နေဦးလေ...."

ခြူးလဲ့နွယ်က အာကာ့နောက် ပြေးလိုက်ဖို့ စတင်ပြီးမခြလှမ်းတယ်။ ဒါပေမယ့် သူမ လက်ချောင်းတွေဟာ ခပ်ကြမ်းကြမ်း ဖမ်းဆွဲခြင်းခံလိုက်ရပါတယ်။ သူမလက်ကို ဆွဲသူကတော့ သူမရဲ့ ဖခင်ပဲပေါ့။

ခြူးလဲ့နွယ်က အတင်းဘဲ ရုန်းကန်ပါတယ်။

" မဆွဲနဲ့ဟာ... လွှတ်..."

www.burmeseclassic.com

www.burmeseclassic.com

" တော်လောက်ပြီ။ နင် သူနဲ့ ဆက်မတွေ့ရတော့ဘူး။ ဒါနောက်ဆုံးပဲ"

" မဟုတ်ဘူး… ဒါနောက်ဆုံး မဟုတ်ဘူး…။ ဘယ်တော့မှ မဆုံးဘူး…။ လွှတ်ဟာ…လွှတ်…အာကာ… အာကာ…"

လွှတ်မြောက်အောင် မရုန်းကန်နိုင်ရှာတဲ့ မြူးလှဲ့နွယ်ဟာ အာကာ့နောက်ကို မလိုက်နိုင်ပေမယ့် သူမရဲ့ အော်သံစူးစူးလေးကတော့ အာကာ့နောက်ကို အလျှင်မြန်ဆုံးနှုန်းနဲ့ အပြေးလိုက်လို့ သွားပါတယ်။

အာကာဟာ ခြေလှမ်းတွေတုံ့ပြီး နောက်ကို ပြန်လှည့်ကြည့်တယ်။ မြူးလှဲ့နွယ် ကလည်း သနားစဖွယ် တွန်းထိုးရုန်းကန်နေရင်းပဲ အာကာ့ကို လှမ်းကြည့်တယ်။

လမ်းခုလတ်မှာ ဆေ၀နာရိပ်လွှမ်းနေတဲ့ အကြည့်ချင်း ဆုံတွေ့ဖြစ်ကြပါတယ်။

မိနစ်တစ်ဝက်တစ်ပျက်မျှသာ…,

အလင်းကွဲညဟာ ဒဏ်ရာတွေ တစက်စက်နဲ့…

အာကာ ဆက်လက် ပြေးထွက်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**3rd, December, 2007**

**Yangon.**

" ဟယ် ... ထွက်သွားတယ်... ဟုတ်လား..."

" ဟုတ်တယ်။ ထွက်သွားတယ်"

" အမှန်ဆို ကောင်လေးက ပြန်လှည့်လာပြီး ကောင်မလေးကို အတင်းဆွဲလှသွားဖို့ ကောင်းတာပေါ့။ ညံ့လိုက်တာ"

အမယ်အိုက ဇာတ်လမ်းထဲတွင် ရှာန်ဝင်စားဟန်ဖြင့် မချိတင်ကဲ ပြောပါသည်။ အိုးအိုသည် အမယ်အို၏ အမူအယာကို အကဲခတ်သလို နက်နက်နဲနဲ မြင်ငုံ၍ ကြည့်ရှု၏။

အမယ်အိုကတော့ ပုံပြင်ဇာတ်လမ်းဆီသို့သာ အာရုံသက်ရောက်နေလေသည်။

" သူတို့နှစ်ယောက် အဖြစ်က သနားဖို့ကောင်းတယ်နော်။ အဆင့်အတန်းခွဲခြားတဲ့ ကောင်မလေးရဲ့ မိဘတွေကြောင့် အခုလို ဖြစ်ရတာ။ သူတို့က ကောင်လေးနဲ့ ကောင်မလေး၏ကို မကွဲကွဲအောင် ခွဲမှာပေါ့"

" ခင်ဗျားထင်တာ မမှားပါဘူး"

အိုးအိုက တအုပ်ကိုင် သေချာမကြည့်တော့တဲ့ ပုံပြင်ဇာတ်လမ်းကို ဆက်၍ ပြောလေသည်။

" နောက်တစ်နေ့ မနက်မှာတော့..."

www.burmeseclassic.com

www.burmeseclassic.com



**28th, March, 1956**

**Pyin Oo Lwin**

စိတ်လှုပ်ရှားမှု အဝုံ့ဝုံ့ကြောင့် ညကတော်တော်နဲ့ အိပ်မပျော်တဲ့ မြူးလွဲနွယ်ဟာ နေတော်တော်မြင့်မှ အိပ်ပျော်ရာက နိုးလာ ပါတယ်။ အိပ်ယာက ထလိုက်ချိန်မှာတော့ သူမ ကမ္ဘာဟာ ပြောင်းလဲဖို့ အဆင်သင့် ဖြစ်နေပါပြီ။

သူမ မိခင်ဟာ အသုံးအဆောင် ပစ္စည်းအားလုံးကို အစီအရီ ထုပ်ပိုးလို့ ပြီးစီးနေပါပြီ။ မြူးလွဲနွယ်က သူမ မိခင်ကို စေဝေစဝါ နဲ့ မေးလိုက်ပါတယ်။

" မာမီ… ဘယ်သွားမလို့လဲ"

" ငါတို့ အိမ်ပြန်ကြမလို့…"

" ဘယ်တော့လဲဟင်"

" အခုပဲ "

ဒေါ်သီဂီနွယ်ရဲ့ ပြတ်တောက်တောက် အဖြေသံကြောင့် မြူးလွဲနွယ် ချောက်ချားသွားပါတယ်။

" မာမီတို့ပြောတော့ နွေရာသီတစ်ခုလုံး ဒီမှာနေမှာဆို။ အခုကျ ဘာလို့ မြန်းစားကြီး ပြန်ဖို့လုပ်တာလဲ"

" အဲ့ဒါ နင့်ကြောင့်ပေါ့။ နင့်ကြောင့် ပြန်ရမှာ"

" နောက်ထပ် တစ်ပတ်လောက် ထပ်နေလို့ မရတော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



" မရဘူး။ ပစ္စည်းအားလုံး သိမ်းပြီးသွားပြီ"

" သမီး မပြန်ချင်သေးဘူး မာမီ"

" မပြန်ချင်လည်း ပြန်ရမယ်။ နင် မလိုက်ရင် နင့်ဒက်ဒီက နင့်ကို ကြိုးနဲ့တုပ်ခေါ်မှာပဲ။ နေ့လည်စာ စားပြီးတာနဲ့ ပြန်မယ်။ နင် အဆင်သင့်လုပ်ထား"

တစ်သွေးတစ်သံ အမိန့်သံအောက်မှာ ခြူးလှဲ့နွယ် ဒူးထောက် ကျသွားပါတယ်။ သူမရင်ဟာ အတိုင်းမသိ နာကျင်မျက်ရှလို့ ...

ချစ်သူမျက်နှာကို သူမ အရမ်းတွေ့မြင်ချင်လာပါတယ်။ ချစ်သူအသံကို သူမ အရမ်း နားဆင်ချင်လာပါတယ်။ အခုလောလောဆယ် အခြေအနေ မပေးသေးရင်တောင် မဝေးလှတဲ့ အနာဂတ်ဆီမှာ ဘဝသစ်တစ်ခုအနေနဲ့ပဲဖြစ်ဖြစ် ချစ်သူနဲ့ ပြန်ဆုံဖို့ သူမ မျှော်လင့်လိုက်မိပါတယ်။

ခြူးလှဲ့နွယ်ဟာ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီးတာနဲ့ သူမ မိဘတွေ မသိအောင် အိမ်နောက်ဖေးကနေ ပုန်းလျှိုးကွယ်လျှိုး ထွက်လို့သွားပါတယ်။ ဦးတည်ရာက အာကာ့ဆီကိုပေါ့။

အာကာတို့အိမ်ကို သူမ ရောက်သွားတဲ့အခါမှာတော့ အရက်ထိုင်သောက်နေတဲ့ ဦးဟိန်းထွဋ်ကိုသာ တွေ့ရှိလိုက်ရပါတယ်။

" ဦးလေး ... အာကာကောဟင်"

သူမ အမောတကော မေးလိုက်ပါတယ်။

" အာကာ မရှိဘူး"

ဦးဟိန်းထွဋ်က ခြောက်ခြောက်သွေ့သွေ့ ဖြေပါတယ်။ ခြူးလှဲ့နွယ်က အလောတကြီး ထပ်မေးလိုက်ပြန်တယ်။

" အာကာက ဘယ်သွားတာလဲ ဦးလေး"

" ချမ်းသာနဲ့ ပစ္စည်းတွေ သွားပို့တာ။ ဘာဖြစ်လို့လဲ"

" သမီး ဒီမြို့ကနေ ပြန်ရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



" ပြန်ရတော့မယ်… ဟုတ်လား… ဘယ်တော့လဲ"

" အခုပဲ။ အဲ့ဒါ အာကာ့ကို သမီးပြောချင်တာတွေရှိလို့ ပြောမလို့ လာတာပါ။ အာကာက မရှိဘူးဆိုတော့ ဦးလေးကိုပဲ မှာခဲ့ပါရစေ။ အာကာ့ကို သမီး အရမ်းချစ်တယ်။ ဘယ်တော့မှ မမေ့ဘူးဆိုတာ သေချာပြောပေးပါဦးလေးရယ်။ ပြီးတော့ သမီးဆီကို စာရေးဖို့လည်း မှာခဲ့တယ်လို့ ပြောပေးပါနော်… နော်… ဦးလေး…"

မြူးလဲ့နှယ်ရဲ့ အသံလေးတွေ လှုပ်လှုပ်ခတ်ခတ် ဖြစ်နေပါတယ်။ ဦးဟိန်းထွန်းက မြူးလဲ့နှယ်ရဲ့ မျက်နှာကို ကြည့်တယ်။ သူ့မျက်နှာမှာလည်း စိတ်ခံစားချက်တွေ ရှုန်းထင်းပေကျံနေလေရဲ့။

" သမီး… မြူးလဲ့နှယ်… ညက အဖြစ်အပျက်တွေ အားလုံးကို ဦးလေး သိပြီးပါပြီ။ ချမ်းသာလည်း ညက ဒီမှာနေတာ။ သူတို့ နှစ်ယောက် တစ်ညလုံး အိပ်မပျော်ကြဘူး။ ဝမ်းနည်းကြေကွဲနေတဲ့ အာကာ့ကို ချမ်းသာက နှစ်သိမ့်အားပေး နေတယ်။ အာကာ အဲဒီလောက် စိတ်ထိခိုက်တာ ဦးလေးတစ်ခါမှ မတွေ့ဖူးဘူး။ အခုဆို အားလုံးပြီးဆုံးသွားပြီပဲ သမီးရယ်။ သမီးတို့နဲ့ ဦးလေးတို့က အဆင့်အတန်းမှ မတူတာ။ စိတ်ထိခိုက်နေတာချင်း တူရင်တောင်မှ သမီးက အေးအေးဆေးဆေး စိတ်ထိခိုက်နေလို့ရတယ်။ အာကာ့မှာတော့ ဘဝပေးအခြေအနေအရ စိတ်ထိခိုက်နေ ချိန်မှာတောင် အေးအေးဆေးဆေး မနေရဘဲ ဝမ်းရေးအတွက် အလုပ်လုပ်နေ ရတယ်။ ရှေ့ဆက်လို့ မရနိုင်တဲ့ အတူတူ ဘာမှ မှာမနေပါနဲ့တော့ သမီးရယ်။ သေရာတွေ ပိုတိုးနေပါဦးမယ်။ သူ့ဘာသာ နေသာသလို နေပါစေ…။ ဖြစ်ခဲ့သမျှကို ပြီးဆုံးသွားတဲ့ အတိုင်းဘဲ ထားလိုက်ပါတော့…"

" ဟင့်အင်း ဦးလေး… မပြီးသေးပါဘူး။ ဘာမှ မပြီးဆုံးသေးပါဘူး။ သမီးတို့နှစ်ယောက်ရဲ့ ပတ်သက်မှုက လွယ်လွယ်ကူကူ မေ့ပစ်လို့ ရလောက်အောင် မလွယ်ကူပါဘူး။ အဲ့ဒါကို အာကာ နားလည်ပါတယ်။ အခြေအနေ အနေပုံကိုလည်း



www.burmeseclassic.com

www.burmeseclassic.com


သမီး သိပါတယ်။ ဒါပေမယ့် သူ့ကို သမီးဘယ်တော့မှ မမေ့ဘူးဆိုတာနဲ့ သမီးဆီကို စာရေးဆက်သွယ်ဖို့ မှာခဲ့တယ်ဆိုတာကိုတော့ ပြောဖြစ်အောင် ပြောပေးပါနော်။ သမီး အချိန်မရတော့လို့ပါ ဦးလေးရယ်...။ အဲဒါလေးတစ်ခုတော့ ကူညီပါ..."

ခြူးလဲ့နွယ်က မျက်ဝန်းမှာ မျက်ရည်ငွေ့တွေ ရစ်ဝဲလာတဲ့ အထိ အသနားခံ တောင်းဆိုပါတယ်။ သူမကို ကြည့်ကာ ဦးဟိန်းထွဋ် ဂရုဏာ သက်သွားမိပါတယ်။ ဒါကြောင့် သူ့စိတ်ကို လျှော့ချလိုက်တယ်။

" အင်းပါ... သမီး မှာတာတွေကို ဦးလေး ပြောပြလိုက်ပါ့မယ်"

" ကျေးဇူးတင်ပါတယ် ဦးလေးရယ်"

ခြူးလဲ့နွယ်က စာရွက်ပိုင်းလေးတစ်ခုမှာ သူမတို့ရဲ့ ရန်ကုန် အိမ်လိပ်စာရေးပြီး ဦးဟိန်းထွဋ်ကို တရိုတသေ ပေးလိုက်ပါတယ်။ ပြီးတော့ မျက်နှာ မသာမယာလေးနဲ့ နှုတ်ဆက်ရှာတယ်။

" အရာအားလုံးအတွက် ဦးလေးကိုရော အာကာ့ကိုရော တောင်းပန်ပါတယ်။ ဒီမြို့လေးနဲ့ ဒီမြို့လေးမှာ ဖြစ်ပျက်ခဲ့သမျှ အားလုံးကို သမီးတစ်သက်လုံး အမှတ်ရ နေမှာပါ။ ဦးလေး... သမီးသွားပြီနော်"

မျက်ရည်ဖြိုင်ဖြိုင်ကျရင်း ခြူးလဲ့နွယ် ခေါင်းငုံ့ကာ ပြေးထွက်သွားပါတယ်။ သူမရဲ့ နှလုံးအိမ်တစ်ခုလုံးဟာ ကျွတ်ကျွတ်ဆူနေပါပြီ။ နွေရာသီရဲ့ အပူရှိန်တွေ အားလုံးဟာ သူမကိုယ်ထဲမှာ သည်းထန်စွာ စီးပျော်လူးလိမ့်နေချေတော့ရဲ့။

ဦးဟိန်းထွဋ်ဟာ သက်ပြင်းလိုင်လိုင် ချပါတယ်။ ဝမ်းနည်း ကြေကွဲစရာ ကောင်းတဲ့ ဒီအဖြစ်အပျက်ရဲ့ အစိက အခန်းကဏ္ဍတွေမှာ သူဟာ ပါဝင်ကပြသူ မဟုတ်ပေမယ့် ကလေးနှစ်ယောက်ရဲ့ ဆေးကွာမှုဟာ သူ့ရဲ့အသုံးမကျမှုတွေကြောင့်လို့ ခံစားနေရပါတယ်။ အရွယ်ရှိတုန်းက မကြိုးစားခဲ့တဲ့ ဝိရိယ အားနည်းမှုတွေအတွက် သူ နောင်တရလို့နေပါပြီ။

ပျော်ရင်လည်းသောက်၊ ပူဆွေးရင်လည်းသောက်။ ဝမ်းနည်းရင်လည်းသောက်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်ရင်လည်းသောက်… စသဖြင့် အကြောင်းအမျိုးမျိုးပြီး သောက်ချင်လို့ သောက်နေကြတဲ့ အရက်ခွံထဲမှာ နစ်နေသူတွေရဲ့ ထုံးစံအတိုင်း ဦးဟိန်းထွဋ်ကလည်း အမူးကို သီပါလျက်နဲ့ ပြင်ဆင်ဖို့ မကြိုးစားဘဲ အရက်ကိုသာ တစ်ခွက်ပြီး တစ်ခွက် တစွပ်စွပ် သောက်လို့နေပါတော့တယ်။

အာကာအိမ်ပြန်ရောက်လာချိန်မှာတော့ ဦးဟိန်းထွဋ် တော်တော်ကြီး မူးယစ်တွေဝေနေပါပြီ။ ဒါပေမယ့်-သူ ယူထားတဲ့ တာဝန်ကိုတော့ အာလေးလျှာလေး နဲ့ပဲ ကျေပွန်အောင် ဆောင်ရွက်ပေးပါတယ်။

" သား… မြူးလဲ့နှယ် မင်းကို လာရှာသွားတယ်။ သူ ဒီမြို့က အခုပဲ ပြန်ရတော့မယ်တဲ့။ မင်းကိုသူ အရမ်းချစ်တယ်။ ဘယ်တော့မှ မမေ့ဘူးတဲ့။ သူ့ဆီ စာရေးပြီး ဆက်သွယ်ဖို့ မှာခဲ့တယ်။ အရာအားလုံးအတွက် မင်းကိုရော ငါ့ကိုရော တောင်းပန်ပါတယ်တဲ့။ ဒီမြို့နဲ့ ဒီမြို့မှာ ဖြစ်ပျက်ခဲ့သမျှအားလုံးကို တစ်သက် လုံး အမှတ်ရနေမှာပါတဲ့။ ရော့… ဒါသူပေးခဲ့တဲ့ လိပ်စာ စာရွက်"

" ခုန်း"

စာရွက်ကို ပေးပြီးတာနဲ့ ဦးဟိန်းထွဋ် ခေါင်းမထူနိုင်တော့ဘဲ စားပွဲခုံပေါ် မှောက်လျက်သားကျသွားပါတော့တယ်။

" အဖေ… သူလာသွားတာ ဘယ်လောက်ကြာပြီလဲဗျာ… အဖေ…"

" အဲ… အင်… ဖူး… ဖူး…"

အာကာ ဘာဆက်မေးမေး မရတော့ပါဘူး။ ဦးဟိန်းထွဋ် အမူးလွန်ပြီး လက်ရှိဘဝကို မေ့သွားပါပြီ။

အာကာဟာ တွေဝေနေတော့ဘဲ မြူးလဲ့နှယ်တို့ ငှားရမ်းနေထိုင် ရာ အိမ်ဆီ အပြေးအလွှား သွားပါတယ်။ သူ့ခြေလှမ်းတွေက မြင်းရိုင်းတစ်ကောင် ကဆ နိုင်းနေသလိုပါပဲ။ သူ့ရင်ဘတ်ဟာ ပေါက်ကွဲထွက်လုမတတ် ဗလောင်ဆူ နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



နံ့ချိုမောဟိုက်လာပေမယ့် သူ တစ်ချက်ကလေးတောင် မနားနေမတုံ့ဆိုင်းပါဘူး။ ချစ်သူမျက်နှာကို မြင်ချင်စောကသော သူ့ဝိဥာဉ်မှာ အသန့်စွမ်းဆုံး နိုတွယ်ပူးဝင်နေပါတယ်။

အချစ်ရဲ့ တန်ခိုးစွမ်းအင်က သိပ်ပြင်းပြလှချည်ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



" နွယ် "

လိုရာခရီးကို ရောက်ရှိသွားတဲ့ အခါမှာတော့

ရောက်ကျူမှုအတွက် အလုံပိတ်သော့ခတ်ထားတဲ့

အိမ်တစ်လုံးတည်းကိုသာ

ဝမ်းနည်းပက်လက် တွေ့မြင်လိုက်ရပါတော့တယ်။

အက်

ကွဲ

စူး

ရှ

နင့်ချွှာရ

(မင့်ဟာ ငါ့ရဲ့ရင်ခွင်ကလပ်ပေါ်က လမင်းပါ)

www.burmeseclassic.com

www.burmeseclassic.com



**3rd, December, 2007**

**Yangon.**

" နွေဦးရဲ့ အမှတ်ရစရာတွေဟာ အကြောင်းကြောင်းကြောင့် ပြီးဆုံးလို့ သွားခဲ့ပါပြီ။ လရောင်ခြည်ကို လှုံရင်း ပိုးစုန်းကြူးဟာ လမင်းဆီ မက်မောသွားမိတယ်။ မဖြစ်နိုင်စရာလို့ ထင်ရပေမယ့် ပိုးစုန်းကြူးနဲ့ လမင်းဟာ ညဥ့်အပိုင်းအခြားတစ်ခုကိုတော့ အတူတကွ အရင်းနှီးဆုံး ဖြတ်ကူးခဲ့ကြဖူးပါရဲ့။

ကြယ်တွေက ကောင်းကင်မှာ လင်းလက်နေတာမှန်ပေမယ့် ထာဝရတော့ လင်းလက်နိုင်ပါဘူး။ တစ်ချိန်မှာ အလင်းတန်း တစ်ခုလိုမျိုး ပျက်သုဉ်းကြွေကျသွားရတာပါပဲ။

အာကာဟာ စိတ်ပျက်လက်ပျက် အခြေအနေမှာဘဲ ပျော်ရွှင်စရာတွေကို ပြန်လည်ဆက်စပ်ယူဖို့ ကြိုးစားပါတယ်။ မြူးလွဲနွယ်ဆီကို စာတွေ ရေးစို့ခဲ့တယ်။ သူမနဲ့ သူ ဝေးရတာဟာ သူ့ရဲ့ မပြည့်စုံမှုတွေကြောင့်ဆိုတာကိုပေါ့။ သူ အခုချိန်ထိ သူမကို ချစ်နေတုန်းပဲ။ သူမကို အရမ်းတွေ့ချင်နေတယ် ဆိုတာရယ်... အကယ်၍ သူမကသာ သူ့ဆီ စာပြန်ခဲ့ရင် သူမ ဘယ်နေရာမှာပဲ ရှိရှိ သူ ရောက်အောင်လိုက်လာခဲ့မယ်ဆိုတဲ့ အကြောင်းအရာတွေကို နေ့စဉ်နေ့တိုင်း စာရေးပို့နေတာ---

www.burmeseclassic.com

www.burmeseclassic.com



အချိန်သာ တစ်နှစ်ပြည့်လို့သွားတယ်။ စာပေါင်းက သုံးရာခြောက်ဆယ့်ငါးစောင်ရှိခဲ့ပေမယ့် တစ်ခါလေးမှ ပြန်စာမရခဲ့ပါဘူး။

စာပို့သမားမြင်တိုင်း သူ့ခမျာ မျှော်လင့်ချက်တွေနဲ့ စာပါလားလို့ အပြေးလိုက်လိုက်မေးရတာ အမောပါပဲ။

ဒီလိုနဲ့ တစ်နှစ်ကုန်ဆုံးသွားလို့ ဘာမှ မထူးခြားလာတဲ့အခါ အာကာ စိတ်ဓာတ်ကျလာပါတယ်။ သူမဟာ လွမ်းလောက်စရာ မရှိတဲ့ သူလိုလူငမွဲကို အမှတ်တရ ညှို့ယံတစ်ခုနဲ့ ထားရစ်ခဲ့ပြီး သက်ဆုံးတိုင် ကြက်ခြေခတ်ပစ်လိုက်ပြီလို့ နာနာကျင်ကျင် ယူဆလိုက်မိတယ်။ အာကာဟာ စာထပ်မထည့်တော့ဘဲ အားလုံးကို မေ့ပျောက်ဖို့ ကြိုးစားရင်း ဘဝသစ်တစ်ခု ပြန်စဖို့ ဆုံးဖြတ်လိုက်ပါတယ်။

နာကြည်းစရာတွေကို တွန်းအားတစ်ခုလို အသုံးပြုပြီး ကလေကချေ အောက်တန်းစားဆိုတဲ့ အနိမ့်ခံဘဝက လွတ်မြောက်အောင် အစွမ်းကုန် ကြိုးစားခဲ့တယ်။ ကံကြမ္မာရဲ့ ပံ့ပိုးမှုကလည်း သူ့ဘက်ပါတယ်လို့ ဆိုရမှာပေါ့။ ငါးနှစ်ကျော်ကြာတဲ့အခါမှာ သူဟာ စီးပွားရေး အဆင်ပြေလာတယ်။ ကိုယ်ပိုင် ပရိဘောဂဆိုင်ကြီး တစ်ဆိုင် ဖွင့်နိုင်လာတဲ့ အထိပါပဲ။

အဲဒီအတောအတွင်းမှာ အာကာရဲ့ အဖေ ဦးဟိန်းထွန်းဟာ အသည်းရောဂါနဲ့ ဆုံးပါးသွားခဲ့တယ်။ ချမ်းသာနဲ့ ဇင်မွန်ဝင်းကလည်း လက်ထပ်ထိမ်းမြားပြီး ရေကြည်ရာ မြက်နုရာရှာရင်း မန္တလေးကို ပြောင်းရွှေ့သွားကြတယ်။

အာကာဟာ ငွေကြေး အဆင်ပြေလာတာနဲ့ သူ့ရဲ့ ငယ်ဘဝ စိတ်ကူးထဲက တိုင်းပြည်ကြီးကို လက်တွေ့ အကောင်အထည် ဖော်ပါတော့တယ်။ သူ့ရဲ့မြူးလွဲနွယ်ရဲ့ အမှတ်တရ မှတ်တိုင်တစ်ခုလည်းဖြစ်တဲ့ အိမ်အိုပျက်ကြီးကို ဝယ်ပြီး၊ စိတ်တိုင်းကျ ပြန်ပြင်တယ်။ သူ့အိမ်ပြင်တဲ့အခါမှာ မြူးလွဲနွယ်ရဲ့ အကြံဉာဏ်တွေကိုလည်း သတိတရ သုံးစွဲပါတယ်။

အိမ်ကို အဖြူရောင် သုတ်တယ်။ ခေါင်မိုးကို အနီရောင် အုတ်ကြွပ်တွေ

www.burmeseclassic.com



မိုးတယ်။ အိမ်တွင်းထဲမှာ မီးလင်းဖိုတစ်ခုလုပ်ပြီး အိမ်ပတ်လည်ကို ဝရန်တာ ထုတ်ထားတယ်။ ရေကန်ထဲမှာလည်း ကြာတွေစိုက်ပြီး ကန်ရေပြင်ကို လှမ်းမြင်ရအောင် အိပ်ခန်းပြူတင်း ပေါက်ကို ချိန်ဆဖောက်ထားတယ်။ အိပ်ခန်းနံရံမှာလည်း သူမ လက်ရာ ပန်းချီကားတွေကို အမွန်တမြတ် ချိတ်ဆွဲထားတယ်။

အာကာဟာ ခြူးလဲ့နွယ်ကို မေ့ပျောက်ဖို့ ကြိုးစားခဲ့ပေမယ့် တကယ်တမ်းမှာတော့ မေ့ပျောက်လို့ မရပါဘူး။ ဒီအိမ်ကြီးကို သူမ ဆန္ဒအလျောက် ပြုပြင်နေမိတာ တစ်ခုတည်းကပဲ ခြူးလဲ့နွယ်ဟာ တစ်နေ့နေ့မှာ သူ့ဆီ ပြန်ရောက်လာလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက် စိတ်ခံစားမှုကြောင့်ပါပဲ။

အာကာဟာ အလုပ်ထဲမှာ စိတ်နှစ်ပြီး သောကတွေကို ဖြေဖျောက်ရင်း မသိစိတ်က သူမ ပြန်အလာကို အစွဲအလမ်းကြီးကြီးနဲ့ မျှော်လင့်နေမိတယ်။ သူ့အဖြစ်က နေရောင်ခြည်ကို တတောင့်တတ ငံ့လင့်နေတဲ့ ကြာပန်းတစ်ပွင့်လိုပဲပေါ့။

တစ်နေ့မှာတော့ အိမ်အတွင်းမှာ တပ်ဆင်မယ့် ပစ္စည်းပစ္စယာတွေ ဝယ်ယူဖို့ အဖော်တစ်ယောက်နဲ့အတူ အာကာ ရန်ကုန်ကို တက်သွားတယ်။

အဲဒီခရီးဟာ သူ့အတွက်တော့ သေတွင်းပဲ ခုန်ဆင်းမိသလို ပါပဲ”

www.burmeseclassic.com

www.burmeseclassic.com



31st, January, 1963

Yangon.

" ဘတ်စ်ကားစီးရတာကလည်းကွာ မြင်းလှည်းစီးရတာလောက်တောင် မနိုင်ပါလားဟေ့"

အာကာရဲ့ ရှုံ့ရှုံ့တွတွ အပြောကြောင့် အဖော်အဖြစ် ပါလာတဲ့ ဉာဏ်လင်းထက်က ရယ်ပါတယ်။ ဉာဏ်လင်းထက်က ရန်ကုန်ကို ပေါက်ပေါက်ရောက်ရောက် ရှိသူမို့ အာကာ့အဖို့ သွားရလာရဝယ်ခြမ်းရတာ အဆင်ပြေနေတယ်။

အာကာနဲ့ ဉာဏ်လင်းထက်ဟာ ပြေးဆွဲနေတဲ့ ဘတ်စ်ကား တစ်စီးပေါ်မှာပါ။ အာကာဟာ မြို့ကြီးပြကြီးရဲ့ အခင်းအကျင်းတွေကို ကားပြတင်းမှတဆင့် တငေးတမော ကြည့်ရှုရင်း လူနေမှုစနစ် ကွာခြားပုံကို လေ့လာနေပါတယ်။

အဲဒီလို အနေအထားမှာပဲပေါ့ . . .။

" ဟာ"

ရုတ်တရက် အာကာ မျက်လုံးပြူးပြီး ပါးစပ်အဟောင်းသား ဖြစ်သွားပါတယ်။ ပြီးတော့ အကျယ်ကြီး ထအော်တယ်။

" ကားခဏ ရပ်ပေးပါဗျို့"

" ဟာ. . . ဟေ့လူ . . . ဘာတွေ လျှောက်အော်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



" ကားရပ်နိုင်းတာလေ။ ကျွန်တော် အရမ်းအရေးကြီးလို့…။ ကားခဏ ရပ်ပေးပါဗျို့"

" ဟာ … ဒီလူနဲ့တော့ ခက်နေပါပြီ။ ဘတ်စ်ကားက မှတ်တိုင်မဟုတ်ရင် ရပ်ခွင့်မရှိဘူးဗျ"

" အို… ရပ်ခွင့်ရှိရှိမရှိရှိ ရပ်ဆိုရပ်ပေး။ အခု ရပ်ပေး။ ကားခဏ ရပ်ပေးစမ်းပါဗျို့။ ခဏလေးပါ… ခဏလေးပဲ ရပ်ပေးပါ"

ဥာဏ်လင်းထက်က အကျိုးအကြောင်း ပြောပြပြီး တားပေမယ့် အာကာကတော့ ရွတ်ပါပဲ။ ကားရပ်မပေးတော့ ကားရဲ့ နောက်ပေါက်ကို ပြေးသွားပြီး ခုန်ဆင်းမလို့ လုပ်ပါတယ်။ အဲဒီအခါ စပယ်ယာက သူ့ကို အတင်းပဲ ဖမ်းဆွဲထားရတယ်။

" ခင်ဗျား ဘတ်စ်ကား မစီးဖူးဘူးလား။ မှတ်တိုင် မဟုတ်ရင် ဆင်းခွင့် မရှိဘူး။ သေချင်လို့လား…"

" ကျွန်တော် အရမ်းအရေးကြီးနေလို့ပါဗျာ။ ဂျွမ်းပစ်ဆင်း ဆိုလည်း ဆင်းပါ့မယ်"

" ဟာ… မလုပ်ပါနဲ့ဗျာ။ ကျွန်တော်တို့ အမှုပတ်နေပါဦးမယ်။ အေးအေး ဆေးဆေး ထိုင်နေပါ။ ရှေ့မှတ်တိုင်က ရောက်တော့မှာ။ အဲဒီကျမှ ကောင်းကောင်း မွန်မွန် ဆင်းပါနော်။ ဂျွမ်းတော့ ပစ်မဆင်းလိုက်ပါနဲ့"

စပယ်ယာလည်း အာကာ့ကို တောင်းတောင်းပန်ပန်ပြောပြီး ပြန်ထိုင်ခိုင်းလိုက်ရတယ်။ အခြားခရီးသည်တွေကတော့ အာကာ့ကို အထူးအဆန်းသဖွယ် ငေးကြည့်ကြလို့ပေါ့။

ဒါတောင်မှ အာကာက စိတ်မလျှော့သေးဘဲ ခုန်ဆင်းမယ်တကဲကဲမို့ ဥာဏ်လင်းထက်က အာကာ့ကို မနည်းဘဲ ဖျောင်းဖျထားရတယ်။ သူ့ခမျာ အာကာ့ ကို ထိန်းရတာ မျောက်ဖင်နီကို ထိန်းနေရသလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မှတ်တိုင်ရောက်လို့ ကားရပ်တာနဲ့ အာကာဟာ ကတိုက်ကရိုက်ခုန်ဆင်းတယ်။ ပြီးတော့ လာရာလမ်းအတိုင်း ကရောသောပါး ပြန်ပြေးသွားတယ်။ ဥာဏ်လင်းထက်များလည်း ဘုမသိဘမသိနဲ့ လိုက်ရတော့တာပေါ့။

မောတော့ မောကြောပဲ။ လုပ်ပုံက နည်းနည်းလေးမှ မစားသာဘူး။

အချိန်အနည်းငယ်ကြာတော့မှ အလောသုံးဆယ် ပြေးလွှားနေတဲ့ အာကာဟာ ဒေးဒေါင်ရပ်တန့်သွားတယ်။ နက်ရှိုင်းမှတ်သိပ်တဲ့ သူ့အကြည့်တွေကတော့ တစ်နေရာတည်းဆီမှာ တည့်မတ်စွာ စိုက်ရောက်နေပုံကြီးလို့ပေါ့ . . .။

“ အော် . . . နွယ်ရယ် ”

အချိန် ခုနစ်နှစ်လောက် ကြာခဲ့ပြီဖြစ်ပေမယ့် အခုချိန်ထိ ရင်ဘတ်ထဲမှာ အခိုင်အမာ စူးဝင်နေဆဲ သူမရဲ့ အသွင်သဏ္ဍာန်ကို သူ မမေ့လျော့သေးပါဘူး။ ဖျတ်ခနဲ မြင်တာနဲ့တောင် အလွယ်တကူ မှတ်မိနေတုန်းပါပဲ။

ခြူးလဲ့နွယ်က ရုပ်ရည်သန့်ပြန့်ပြီး သားနားသပ်ရပ်တဲ့ သူမနဲ့ အရွယ်တူ ယောကျ်ားသားတစ်ယောက်နဲ့ တွဲယှဉ်တွဲ လမ်းလျှောက်ရင်း ရယ်ရယ်မောမော စကားတွေ ပြောနေပါတယ်။ သူတို့နှစ်ယောက်ကို ကြည့်ရတာ သိပ်ရင်းနှီးပုံပါပဲ။ အာကာ့ ရင်ဘတ်ထဲက လျှပ်တစ်ပြက် ပျော်ရွှင်မှုတွေဟာ အပိုင်းပိုင်း ခုတ်ထစ်ခံလိုက် ရပါတော့တယ်။

သူတို့က အာကာ့ကို မမြင်ပါဘူး။ အာကာကသာ သူတို့ကို နာကျင်စွာ ကြည့်နေမိတာပါ။

ခဏကြာတော့ သူတို့နှစ်ယောက်ဟာ တောက်ပြောင်တဲ့ ကားသစ်တစ်စီးပေါ် တက်ပြီး မောင်းလို့ ထွက်သွားပါတယ်။ နှုတ်ဆက်ခိုင်အား မရှိတာကြောင့် အာကာ နှုတ်မဆက်ဖြစ်လိုက်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မကျက်သေးတဲ့ ဒဏ်ရာဟာ ထပ်မံ လှီးဖြတ်ခံလိုက်ရပြန်ပါတယ်။

နှလုံးသားတစ်ခုလုံး ထွန့်ထွန့်လူးလို့…။

ရှူးမတတ်ပါဲ့ နှယ်ရယ်…

ဒီကောင် တကယ် ရှူးမတတ်ပါဲ့…

www.burmeseclassic.com

www.burmeseclassic.com



**3rd, December, 2007**

**Yangon.**

" နေ့လယ်စာ စားချိန် ရောက်ပါပြီ"

သူနာပြုဆရာမက အခန်းတွင်းသို့ ဝင်ရောက်လာပြီး သတိပေး စကားဆိုလေသည်။ အဖိုးအိုက စာဖတ်ပြနေရာမှ စာအုပ်ကို ပိတ်ကာ ကုတင်အစပ်တွင် တင်လိုက်သည်။

ထို့နောက် အမယ်အိုနှင့် အဖိုးအိုသည် နေ့လယ်စာအတူ စားသောက်ကြတော့၏။ စားသောက်နေရင်း အဖိုးအိုက အမယ်အိုကို ဂရုတစိုက် ယုယုယယ ကျွေးမွေးလေသည်။ သူနာပြုဆရာမက သူတို့နှစ်ဦးကို ဂရုဏာဖြင့် ငေးကြည့်နေပါ၏။

" အဖွား… ထမင်းစားပြီးလို့ ခဏကြာရင် ဆေးသောက်ရဦးမယ်နော်"

သူနာပြုဆရာမ၏ စကားကြောင့် အမယ်အို၏ မျက်နှာက ရှုံ့မဲ့သွားပါသည်။

" အဲဒီဆေးတွေကို သိပ်စိတ်ပျက်တာပဲ။ မသောက်လို့ မရဘူးလား"

" ဘယ်ရမလဲ အဖွားရဲ့။ အဲဒီဆေးတွေကို သောက်မှ အဖွားကျန်းမာရေးတွေ ကောင်းလာမှာလေ"

" အခု ငါက ဘာဖြစ်နေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



" ဘာမှ မဖြစ်ပေမယ့် ပိုကျွန်းမလာအောင်ပေါ့ အဖျားရယ်။ သောက်လိုက်ပါနော်"

သူနာပြုဆရာမက ထမင်းစားပြီးသည်အထိ စိတ်ရှည်လက်ရှည်စောင့်၏။ ခဏကြာတော့မှ အချိန်ပိုင်းနှင့် ဇနစ်တကျ သောက်သုံးရမည့် ဆေးများကို အမယ်အိုအား ချော့မော့၍ တိုက်သည်။

သူ့ တာဝန် ပြီးဆုံးတာနှင့် သူနာပြုဆရာမသည် အခန်းတွင်းမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

ဆေးရုံဝင်း တစ်ခုလုံးသည် ဆေးဝါးရနံ့တို့ဖြင့် ပျံ့သင်း၍နေ၏။ အဆင့်အတန်းမြင့်စွာ ဖွဲ့စည်းထားသော လူနာဆောင်သည် မှန်းတည့်ချိန်၏ အပူဒဏ်ကို လိုက်လျောညီထွေ ကာကွယ်လျက် ရှိပေသည်။

အမယ်အိုသည် အဖိုးအိုအား မှုန်ကုပ်ကုပ်ကြည့်၍ တောင်းဆိုသမှု ပြုပါသည်။

" ကျွန်မကို ဇာတ်လမ်းဆက်ပြောပြစမ်းပါဦး။ ကောင်မလေး ယောက်ျားရသွားတာလား။ ချစ်သူ အသစ်နဲ့ တွဲနေတာလား"

" ခင်ဗျားထင်တာ တစ်ခုမှ မဟုတ်ပါဘူး"

အဖိုးအိုက ခေါင်းကို ညင်ညင်သာသာ ခါရမ်းပြသည်။ အမယ်အိုက သိချင်စိတ်ကြီးမားဟန်ဖြင့် မေး၏။

" ဒါဆို ဘယ်လိုလဲ"

" အဲဒီလူက ကောင်မလေးရဲ့ မိဘတွေ သဘောတူထားတဲ့ လူ။ သူက ပိုက်ဆံ အရမ်းချမ်းသာတယ်။ သူနာမည်က သော်ဇင်တဲ့။ သူကလည်း ကောင်မလေးကို ချစ်တယ်"

" သူတို့နှစ်ယောက် လက်ထပ်ဖြစ်သွားကြလား"

အမယ်အို၏ မေးခွန်းကြောင့် အဖိုးအိုက ပြုံးသည်။

" ခင်ဗျားက ကျုပ်ကို ဇာတ်လမ်းအဆုံး ပြောခိုင်းတော့မလို့လား။



www.burmeseclassic.com

www.burmeseclassic.com



နေစမ်းပါဦး။ ဒီမှာ ကောင်းခန်းလေးတွေ ရှိသေးတယ်။ အစဥ်လိုက်သွားကြတာပေါ့။ နားထောင်မယ် မဟုတ်လား"

" အင်းလေ··· နားထောင်တာပေါ့"

အမယ်အိုက စိတ်လိုလက်ရပင် ခေါင်းညိတ်ပြသည်။ အဖိုးအိုက ကုတင်အစပ်တွင် တင်ထားသော စာအုပ်ကို ပြန်ယူလိုက်သည်။

ထို့နောက် စာအုပ်အား ဖြည်းညှင်းစွာပင် ဖွင့်လှစ်လိုက်လေသည်။

၉။

www.burmeseclassic.com

www.burmeseclassic.com



**13th, May, 1963**

**Yangon.**

" ခြူးလှဲ… မိဘတွေကလည်း သဘောတူထားကြပြီဆိုတော့ ကိုယ်တို့ရဲ့ လက်ထပ်ပွဲကို ဘယ်တော့လောက် စီစဉ်ကြမလဲဟင်"

သော်စင်ရဲ့ မေးခွန်းကို ခြူးလှဲ့နှယ် ချက်ချင်းပြန်မဖြေနိုင်ဘဲ ငိုင်တွေ နှုတ်ဆိတ်နေပါတယ်။ သော်စင်ကို ရှေ့မှာထားပြီး အာကာ့မျက်နှာကို သူမ မြင်ယောင်နေမိတယ်။

ချစ်ဦးသူ့ကို ဒီကနေ့ထက်ထိ မေ့မပစ်နိုင်သေးတာကဘဲ သူမရဲ့ အားနည်း ချက်တစ်ခုပါ။

ဆေးရောင်စုံ လက်ငါးချောင်းရာပုံ ပန်းချီကားကို ကြည့်မိတိုင်း၊ မြက်စိမ်း ခင်းပေါ်မှာ ပက်လက်လှန်ကာ ကောင်းကင်ကြီးရဲ့ အကျယ် အပြန့်ကို မော့ငေးမိတိုင်း ညည်းညီးယံ တစ်ခုရဲ့ အမှတ်တရဖြစ်စဉ်ကို ပြန်တွေးတောမိတိုင်း… လှိုက်ဖိုမောလှွားနဲ့ ချစ်သူကို သူမ တမ်းတမ်းတတ လွမ်းဆွတ်မိနေတုန်းပါပဲ။

" ကျွန်မ လက်မထပ်ခင်မှာ ခရီးတစ်ခု ထွက်ချင်တယ် ကိုသော်စင်"

" ဘာအတွက်လဲ"

www.burmeseclassic.com



"ပန်းချီမဆွဲဖြစ်တာ ကြာလို့ စိတ်အပန်းဖြေရင်း တစ်နေရာမှာ ပန်းချီ သွားဆွဲမလို့"

"ကိုယ်ပါ လိုက်ခဲ့ပေးရမလား"

"ဟင့်အင်း… မလိုက်ပါနဲ့။ ကျွန်မ တစ်ယောက်တည်း အေးအေးဆေးဆေး ဓါင်းရှင်းရှင်းထားပြီး ဆွဲချင်လို့ပါ"

"တစ်ယောက်တည်း ဖြစ်ပါ့မလား ခြူးလဲ့ရဲ့"

"ဖြစ်ပါတယ်။ အဲဒီမြို့ကို ကျွန်မ ငယ်ငယ်က တစ်ခေါက် ရောက်ဖူးပါတယ်"

"ဘယ်မြို့လဲ"

"ပြင်ဦးလွင်"

ခြူးလဲ့နွယ်က အေးစိမ့်စိမ့် ဖြေပါတယ်။ သူမ မျက်ဝန်းတွေက ဝေရီမှိုင်းအုံ့လို့…။ နက်နဲစွာ လျှို့ဝှက်မှုသဘော ဆောင်နေတယ်။

သော်ဇင်က သတိမပြုမိဘဲ သူသိလိုရာကိုသာ မေးမြန်းပါတယ်။

"ခြူးလဲ့ ဘယ်တော့သွားမှာလဲ"

"ဒီရက်ပိုင်းအတွင်းမှာပါပဲ"

ခြူးလဲ့နွယ်ရဲ့ အကြည့်တွေက အဝေးဆီ မျောလွင့်လို့သွားပါတယ်။ သူမ လက်မထပ်ခင်မှာ ချစ်သူနဲ့ ဆုံချင်ပါသေးတယ်။ ချစ်သူ့မျက်နှာကို အသေအချာ ကြည့်ပြီး နေ့စဉ်နဲ့အမျှ မျက်ရည်အလူးလူးနဲ့ သူမ မွန်းကြပ်ပိတ်လှောင်ခဲ့ရတဲ့ ပယောဂိပုစ္ဆာတစ်ပုဒ်ကို အဖြေ ထုတ်ယူချင်ပါသေးတယ်။

ထွက်ပေါ်လာမယ့် အဖြေအတွက်လည်း ရင်ခုန်စွာ ကြိုတင် ရဲရင့်ထားလိုက် ပါရဲ့။

☯



www.burmeseclassic.com

www.burmeseclassic.com



**17th, May, 1963**

**Pyin Oo Lwin**

ရွှေရောင်အလင်းတန်းတွေက အိမ်ဖြူကြီးပေါ် ကန့်ကလျ ဖြာဆင်းအုံမိုးနေတယ်။ အာကာဟာ အိမ်ဖြူကြီးကို ရှေ့မှ ရပ်ကြည့်ရင်း သူ့ရဲ့ စနစ်တကျ ရှုးနှမ်းမှုတွေအတွက် အဆေမတန် ကြေကွဲနေပါတယ်။

နေ့စဉ်ရက်ဆက် သူ ဒီလို နင့်နင့်သီးသီး ကြေကွဲနေရတာ ရန်ကုန်က ပြန်လာကတည်းက ဆိုပါတော့။

အခုချိန်ဆို သူ့ရင်ခွင်မှာ မှေးစက်ခိုဝင်ခဲ့ဖူးတဲ့ သူမဟာ အခြားယောကျ်ားသား တစ်ယောက်ရဲ့ ရင်ခွင်မှာ မှေးစက်ခိုဝင်နေနိုင်တယ်။ သူနဲ့အတူ ပျော်ရွှင်စွာ ရယ်မောခဲ့ဖူးတဲ့ သူမဟာ အခြား ယောကျ်ားသား တစ်ယောက်နဲ့အတူ ပျော်ရွှင်စွာ ရယ်မောနေနိုင်တယ်။ သူနဲ့အတူ ကျေကျေနပ်နပ် ချစ်ရည်လူးခဲ့တဲ့ သူမဟာ အခြားယောကျ်ားသားတစ်ယောက်နဲ့အတူ ကျေကျေနပ်နပ် ချစ်ရည်လူး နေနိုင်တယ်။

အပြောင်းအလဲ မြန်ဆန်တဲ့ လောကမှာ ဘာမဆို ဖြစ်ပျက်နိုင်တာပဲ။

ကြွင်းကျန်နေဆဲ မျှော်လင့်ချက် အစအနလေးတွေတောင် ကြေမွစုတ်ပြဲလို့ အငွေ့ပျံသွားခဲ့ပါပြီ။ ချစ်သူက သူမ နှလုံးသားထဲကနေ သူ့ကို ဝစ်ဝင်ပါ လိုးထုတ်ထားခဲ့ပြီပဲ။ လွမ်းနေတော့ရော ဘာများထူးလာမှာမို့လို့လဲ။

www.burmeseclassic.com



မထူးခြားလာနိုင်မှန်း သိပါလျက်နဲ့ တခုတ်တရ လွမ်းနေမိတာကိုကပဲ နာကျင်စွာ ခက်ခဲနေတဲ့ စိတ်ရဲ့ အခွဲအလမ်းပါ။

အခုဆို အဖြူရောင် နံရံကို နှစ်ခြိုက်ပြမယ့်လူ မရှိဘူး၊ အနီရောင် ခုတ်ကြွပ်တွေကို သဘောကျပြမယ့်လူ မရှိဘူး။ ပတ်ပတ်လည် ဝန်းတာပေါ်မှာ လမ်းလျှောက်ပြမယ့်လူ မရှိဘူး။ ကန်ရေပြင်ထက်က ကြာပန်းတွေကို လှမ်းငေးပြမယ့်လူ မရှိဘူး။ မီးလင်းဖိုလေးကို အသုံးပြုပြမယ့် လူ မရှိဘူး။

မင်းမရှိတာဟာ ငါ့အတွက်တော့ ဘဝမရှိသလိုပါပဲ။

အရာအားလုံး ဟောက်ပက် ဖြစ်နေတယ်။

" အာကာ"

လှည့်လို့ ကြည့်လိုက်ပါတယ်။

"ဟာ..."

ဒါ... တကယ့် အဖြစ်အပျက်လား...။ အိပ်မက်တစ်ခုလား...။ စိတ်ရဲ့ အခွဲအလမ်းပြင်းထန်မှုကြောင့် ထင်ယောင်ထင်မှား ပေါ်ပေါက်မှုများလား...။

" အာကာ... ငါ့ကို မမှတ်မိတော့ဘူးလား။ ငါ နွယ်လေ... မြူးလွဲနွယ်..."

သေချာပါပြီ။ ဒါ အိပ်မက်လည်း မဟုတ်။ ထင်ယောင် ထင်မှား ပေါ်ပေါက်မှုလည်း မဟုတ်။ တကယ် ဖြစ်ပျက်နေတဲ့ ဘဝပါ။ နှင့်ကိုငါ ဘယ်မေ့ပါ့မလဲ...။ နှင်က ငါ့ကို မျှော်လင့် တတ်စေခဲ့တာပဲ...။

" နွယ်... မြူးလွဲနွယ်..."

တိုးဖွဖွ ရေရွတ်မိတယ်။

" နေ...နေကောင်းတယ် မဟုတ်လား"

" ကောင်းပါတယ်"

ခုနှစ်နှစ်ကျော်အကြာမှာ မျက်နှာချင်းဆိုင် ပြန်တွေ့ကြတဲ့ ချစ်သူနှစ်ဦးရဲ့ နှုတ်ဆက်စကားက ဒီလောက်တင်ပဲလား...။

www.burmeseclassic.com


"တစ်ယောက်တည်းပဲလား"

"တစ်ယောက်တည်းပါပဲ"

နင်ပဲ ငါ့ကိုတစ်ယောက်တည်း ထားသွားခဲ့တာလေ…။ အထီး ကျန်လွင်ပြင် ထဲမှာ ငါတစ်ယောက်တည်းပဲပေါ့…။

"နင် အဆင်ပြေလားလို့ ငါ လာကြည့်တာပါ"

အခု နင် ငါ့ကို အဆင်ပြေပြေ တွေ့နေရလို့လား…။ ဝေဒနာ တွေနဲ့ ငါ ကချော်ကချွဲ ရပ်တည်နေရတာပါဟာ။ ငါ့ရဲ့ တိတ်တဆိတ် ယိမ်းယိုင်မှုတွေကို သာမန်မျက်လုံးနဲ့ ကြည့်ရင်တော့ နင် မမြင်တွေ့နိုင်ပါဘူး…။

"နင် တကယ် ကြိုးစားခဲ့တာပဲ။ ဒီမြို့ရောက်တာနဲ့ နင့်ရဲ့ သတင်းကောင်း တွေကို ငါကြားပါတယ်။ နင့်ရဲ့ ပရိဘောဂဆိုင်ကြီးကိုလည်း ငါ ရောက်ခဲ့ပြီးပြီ။ အခုဆို နင့်စိတ်ကူးတွေ အကုန်လုံး အထမြောက်သွားပြီပေါ့"

"ဘာကိုလဲ"

"အားလုံးပဲလေ။ အိမ်ဆိုရင်လည်း နင်ပြောတဲ့အတိုင်း ပြင်ထားတယ်။ သိပ်လှတာပဲ"

အဲဒါ နင့်အတွက် ရည်မှန်းပြီး နင့်စိတ်တိုင်းကျဖြစ်အောင် ပြင်ဆင်ထားတာ လေ… နင် မပါဘဲနဲ့ ငါ့စိတ်ကူးတွေ အကုန်လုံး ဟာ ဘယ်နှယ့်ကြောင့် အထမြောက်ရမှာလဲ… နင့်ကို မစာမနာ ပြောထွက်ရက်တယ်…။

"နင် ပြောင်းလဲသွားပြီနော်"

"ဘာကိုဆိုလိုတာလဲ"

"နင့်ကိုကြည့်ရတာက အစပေါ့၊ အားလုံးပါပဲ"

ငါ့ဆက်ဆံရေးက နင့်အတွက် သိပ်များအေးစက်နေလို့လား…။ ငါ့ကိုရှည်းပဲ ပြောမနေနဲ့လေ။ နင်တောင် ပြောင်းလဲနေပြီ မဟုတ်လား…။ ရင်ခွင်အသစ်တစ်ခု ဆိမှာလေ။ နင့်ဆီမှာ မပြောင်းလဲသေးတာဆိုလို့ ငါ့အမြင်မှာ နင့်အလှတွေပဲရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုးအရင် ခုနစ်နှစ်ကျော်က အတိုင်းပဲ။

ဆင်စွယ်နှစ်လို ဖြူနုဝင်းမွတ်တဲ့ အသားအရည်၊ အခွေအလိပ်တွေနဲ့ ဝန်းကျော်ရုံဘဲအမြဲထားတဲ့ အညိုရောင် ဆံနွယ်ရှည်၊ မျက်အိမ်ကျယ်ကျယ်၊ နှာတံသွယ်သွယ်၊ မျက်တောင်ကော့ကော့၊ စိုပြေနီမြန်းတဲ့ နှုတ်ခမ်းပါး…

ဂရုတစိုက် ကြည့်မိမှ ဟိုအရင်ကထက်တောင် နင် ပိုလှနေသလို ငါ့စိတ်က ထင်မိတယ်။ ငယ်ငယ်က သွယ်နွဲ့တဲ့ နင့်ခန္ဓာလေးဟာ အခုတော့ ပြည့်ပြည့် တင်းတင်းလေးဖြစ်ပြီး တစ်မျိုးတစ်ဖုံ အလှသွေးကြွယ်နေတယ်။ ဒါတွေဟာ ငါနဲ့မှ မသက်ဆိုင်တော့တာ…။ ငါဟာ စည်းဝိုင်းအပြင်ဘက်က စွန့်ပယ်ခံလူလေ…။

“ ဒီမြို့ကို ငါ လာခဲ့တာ ငါ အရမ်းသိချင်နေတဲ့ အဖြေ တစ်ခုကို နင့်ဆီ မှာ မေးမလို့ လာခဲ့တာ”

“ မေးလေ… ဘာမေးမှာလဲ…”

ငါ့ကို အသေအချာ ကြည့်နေတဲ့ နင့်မျက်ဝန်းတွေက ဘာကြောင့် ဒီလောက် တောင် လေးနက်နေရတာလဲ…။ ငါတော့ နားမလည်နိုင်တော့ဘူး…။

“ ခုနှစ်နှစ်လုံးလုံး နင့်ကိုငါ စောင့်နေခဲ့တယ်။ ဒါပေမယ့် နင် ငါ့ကို လုံးဝ မဆက်သွယ်ခဲ့ဘူး။ ငါနင့်ကို လိပ်စာပေးထားခဲ့ပါလျက်နဲ့ နင် ငါ့ဆီ ဘာလို့ စာမရေးတာလဲ…။ အဲ့ဒါ ဘာ့ကြောင့်လဲ…။ ဘာသဘောလဲ…”

ရှိုက်သံနဲ့အတူ အဖျားခတ်တုန်ယင်နေတဲ့ နင့်စကားသံတွေက ငါ့နားထဲမှာ ကျယ်ကျယ်လောင်လောင် ပေါက်ကွဲသွားတယ်။ လျှပ်စီးမလက်ပဲ လျှပ်တစ်ပြက် ပစ်ခတ်ချလိုက်တဲ့ မိုးကြိုးတစ်ခု လိုပါပဲ။ အမှန်တရားအတွက် ငါငြင်းပါရစေ…။

“ မဟုတ်ဘူး… မဟုတ်သေးဘူး…။ နင်ပြောတာ မှားနေပြီ”

“ မမှားဘူး။ ငါ အမှန်တွေ ပြောနေတာ”

“ နင် ငါ့ကို မစွပ်စွဲနဲ့။ ငါ နင့်ဆီ စာတွေ ထည့်ခဲ့တယ်။ တစ်နှစ်လုံး တစ်ရက်မှ မပျက်ကွက်ခဲ့ဘဲ နေ့တိုင်းရေးထည့်ခဲ့တာ။ စာတိုက်ပိတ်ရက်တွေမှာတောင်

www.burmeseclassic.com

www.burmeseclassic.com



ရေးပြီးသား စာတွေကို စာပုံးထဲ သွားထည့်ခဲ့တယ်။ အားလုံး စာပေါင်း သုံးရာ ကျော်လောက် ငါ့အစောင်တိတိရှိတယ်။ အဲဒီအထဲ နှင့်ဘက်ကပြန်စာလေး တစ်စောင် တောင် မလာတော့ နှင် ငါ့ကို မေ့ပစ်လိုက်ပြီထင်လို့ ငါ စာဆက်မရေးတော့တာ။ ငါပြောတာတွေကို မယုံသေးဘူးဆိုရင် နှင့်ကိုငါ သက်သေတွေပြမယ်"

အတော အိမ်ထဲကို ကမန်းကတန်း ပြေးဝင်သွားပါတယ်။ သူ ရင်ခုန်စွာ စိတ်လှုပ်ရှားလို့နေပါပြီ။ သူပြန်ထွက်လာတော့ သူ့လက်ထဲမှာ စာရွက်ဖြတ်ပိုင်း လေးတွေ အများကြီး ပါလာတယ်။

အတောက မြှုလွဲ့မှုယ် လက်ထဲကို စာရွက်ဖြတ်ပိုင်းလေးတွေ ထိုးထည့် ပေးလိုက်တယ်။

" ရော့... အဲ့ဒါ နှင့်ဆီငါ စာထည့်ခဲ့တဲ့ သက်သေတွေ။ အဲ့ဒါမျိုး သက်သေတွေ အိမ်ထဲမှာ အများကြီး ကျန်သေးတယ်။ ဒါ ငါ လက်တစ်ဆုပ်စာပဲ နှိုက်ယူလာတာ။ ရေ့ခွဲတွေ လိပ်စာတွေကအစ နှင်သေချာကြည့်"

မြှုလွဲ့မှုယ်ဟာ သူ့ခေတို့ ရန်ကုန်အိမ်လိပ်စာ ရေးထားတဲ့ စာလက်ခံ ရရှိကြောင်းပြေစာစာရွက်တွေကိုကြည့်ရင်း ကတုန်ကယင် ဖြစ်လို့လာပါတယ်။ ရေ့ခွဲတွေကအစ အတောပြောတဲ့အတိုင်း အတိအကျပါပဲ။

ဒီစာတွေက သူ့ဆီ ဘာလို့ မရောက်လာရတာလဲ...။

သူတို့ချစ်သူ့နှစ်ဦးကို ခုနစ်နှစ်ကျော်ကြာ အဆက်အစပ်မဲ့ ဝေးကွာနေစေခဲ့တဲ့ လမ်းဟာရာတွေကို ဝေ့ဝှေ့ရှေ့တည့် ရှာဖွေပါတယ်။ ကွင်းဆက်တွေကို တစ်ခုချင်းစီ ဆက်စပ်သုံးသပ်ကြည့်ရင်းပဲ အဖြေက တရေးရေးနဲ့ ပေါ်လွင်ထင်ရှားလို့လာပါတယ်။

အမိုက်မြင်ရမှတော့ အကောင်ကို ထင်တတ်ရတော့မှာပေါ့။

◉

www.burmeseclassic.com



**17th, May, 1963**

**Pyin Oo Lwin**

ကန်ရေပြင်နဲ့ ကြာတွေဟာ စာဆိုရှိသလို တင့်တယ်နေပါတယ်။ ဘဲဖြူဖြူလေးတွေ တစ်အုပ်ကလည်း ကြည်လင်စိမ်းလဲ့တဲ့ ရေလျှာပြင်ပေါ်မှာ မြူးတူးစွာ ကူးခတ်ဆော့ကစားရင်း နွေရာသီရဲ့ အပူဒဏ်ကို အံတုနေကြလေရဲ့။

အာကာနဲ့ မြူးလဲ့နွယ်ဟာ ကန်ဘောင်ပေါ်မှာ အတူတကွ [redacted]ကြပါတယ်။ မြူးလဲ့နွယ်ဟာ အာကာ ဆင်းခူးပေးထားတဲ့ ကြာယန်း တစ်ပွေ့တစ်ပိုက်ကြီး နဲ့ပေါ့။ အာကာဟာ ကြာယန်းတစ်ပွင့်ရဲ့ရိုးတံရှည်ကို လက်တစ်ဆစ်လောက်စီချိုး ကာ အချင်တန်းလန်းနဲ့ ကြာပုတီးလုပ်ပြီး မြူးလဲ့နွယ်ရဲ့ လည်တိုင်သွယ်သွယ်မှာ ဆင်မြန်းပေးလိုက်ပါတယ်။

အဲဒီလုပ်ရပ်ကို မြူးလဲ့နွယ် သိပ်ကျေနပ်သွားပါရဲ့။ ပြီးတော့ သူမဟာ ဘဲဖြူဖြူလေးတွေကိုကြည့်ကာ ချစ်လို့နေပြန်ပါသေးတယ်။

" အဲဒီအကောင်လေးတွေက ချစ်စရာကောင်းတယ်နော်။ ဘယ်လိုလေးတွေ မှန်းကို မသိဘူး။ ပုကလပ် ပုကလပ်နဲ့။ သူတို့ကို နင် မွေးထားတာလား "

" မဟုတ်ပါဘူး။ သူတို့ဘာသာ တခြား တစ်နေရာကနေ ဒီလို ရောက်လာ ဆော့ကြတာ "



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆို သူတို့က ဒီမှာ အမြဲ မနေဘူးပေါ့"

" ဟင့်အင်း… အချိန်တန်ရင် သူတို့နေရာ သူတို့ပြန်ကြတယ်။ ဒါ မှတဲ့လေ။ ကန်ရေပြင်ကြီးမှာသာ လှိုင်းဂယက်တွေနဲ့ ကျန်ခဲ့ရတာ"

အာကာရဲ့ စကားကြောင့် ခြူးလဲ့နွယ် မျက်နှာပျက်သွားပါတယ်။ သူမဟာလည်း ဘဲဖြူလေးတွေလိုပဲ အချိန်တန်ရင် ကိုယ်နေရာကို ပြန်ရမှာ မဟုတ်လား။ အဲဒီအခါ အာကာ့မှာ ဂယက်တွေနဲ့ ကျန်ခဲ့ရဦးမှာပေါ့လေ…။

အာကာက ခေါက်ထပ် ကြာပုတီးတစ်ခုကို စိတ်ရှည်လက်ရှည် လုပ်နေ ပြန်ပါတယ်။ လုပ်နေရင်းပဲ စကားပြောတယ်။

" အခုနှစ်စပိုင်းလောက်က ငါ ရန်ကုန်ကို လာသေးတယ်"

" ဘာလာလုပ်တာလဲ"

" အိမ်အတွက် ပစ္စည်းတွေ လာဝယ်တာ။ အဲဒီတုန်းက ဘဝတ်စ်ကားပေါ် ထနေ နင့်ကိုပါ လှမ်းမြင်လိုက်သေးတယ်"

" အဲ့ဒါနဲ့တောင် ဘာလို့မခေါ်လဲ။ နေနိုင်လိုက်တာ"

" ငါ ကားပေါ်ကဆင်းပြီး ဝမ်းသာအားရ နင့်နောက်ကို ပြေးလိုက်ပါ သေးတယ်။ ဒါပေမယ့် အနားရောက်တော့ နင်နဲ့အတူ အသားဖြူဖြူ အရပ်မြင့်မြင့် ရှပ်ခပ်ဖြောင့်ဖြောင့် ယောကျ်ားတစ်ယောက်ကိုပါ တွေ့လိုက်ရတယ်။ နင်တို့ နှစ်ယောက် ဆက်ဆံနေပုံက တရင်းတနှီးပဲ။ ရယ်ပြီး စကားတွေ ပြောနေကြတယ်။ အဲ့ဒါကြောင့် ငါ ဝမ်းနည်းပြီး မခေါ်ဖြစ်တော့တာ။ အဲဒီလူက ဘယ်သူလဲဟင်"

သော်စင်ကို ပြောတာမှန်း ခြူးလဲ့နွယ် တန်းသိလိုက်ပါတယ်။ လိမ်ညာဖို့ သူမ စိတ်မကူးမိပါဘူး။

" အဲဒီလူက ငါ့မိဘတွေ ငါနဲ့ သဘောတူထားတဲ့ လူ။ သူ့ နာမည်က သော်စင်တဲ့"

" နင်ကကော သူနဲ့ လက်ထပ်ဖို့ သဘောတူလိုက်တယ်လား"



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ်။ နင့်ဆီက အဆက်အသွယ်လည်း မရတော့ ငါ့မိဘတွေ တောကိုလည်း မလွန်ဆန်နိုင်တာကြောင့် လက်ခံလိုက်မိတယ်ဟာ"

ပြန်လည်ဆုံတွေ့မှုက ရောက်ကျခြင်းနှင့်အတူ သူတို့ထံ ရောက်ရှိလို့လာခဲ့တယ်ပါ။ မြူးလဲ့နွယ်ဟာ ယွှပြားနေတဲ့ စိတ်အခြေကို ကြာယံတွေ ဆေးလာစားရင်း ပြေပျောက်ဖို့ အားထုတ်နေတယ်။ အာကာက မြူးလဲ့နွယ် လက်ထဲက ကြာယံ တစ်ပွင့်ကို ဆွဲယူပြီး ကြာပုတီးအသစ် ထပ်လုပ်ပြန်တယ်။

" နင် အခု ဘယ်မှာတည်းလဲ"

" တည်းခိုခန်း တစ်ခုမှာ"

" ဘယ်သူတွေ ပါသေးလဲ"

" ဘယ်သူမှ မပါဘူး။ ငါ တစ်ယောက်တည်း လာတာ"

အာကာ နည်းနည်းတော့ ဖျားသွားတယ်။

" နင် တော်တော်ရဲရင့်နေပါလား။ နင် ဒီကိုလာရန် နင့်မိဘတွေကော သိရဲ့လား"

" သေချာ မသိဘူး။ သူငယ်ချင်းတွေနဲ့ ခရီးတစ်ခုသွားမလို့ဆိုပြီး ထွက်လာတာ"

" ဒါဆို ညာလာတာပေါ့"

" ဟုတ်တယ်… ညာလာတာ"

မြူးလဲ့နွယ်က ပြုံးယောင်ယောင်လေးပြောတော့ သူ့အရောကို အာကာ ပိုမိုမက်မောနှစ်ခြိုက်သွားမိပါတယ်။ အနီရောင် နေလုံးကြီးက ကန်ရေပြင်ထဲမှာ ခေါက်ထိုး ကျနေပါပြီ။ မကြာခင်မှာ လွယ်ပျောက် နစ်မြုပ်သွားပါတော့မယ်။

ဘဲမြူးလေးတွေဟာ အတောင်တွေ တဖျတ်ဖျတ်ခတ်ရင်း ရေကန်ထဲကနေ တက်လာကြတယ်။ သူတို့တစ်တွေ အိမ်ပြန်ကြပါတော့မယ်။ အာကာက အသစ်လုပ်လို့ ပြီးစီးသွားတဲ့ ကြာပုတီးကို မြူးလဲ့နွယ်ရဲ့ လည်တိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံခီတုံ့ချွဲပေးလိုက်ပြန်ပါတယ်။ ခြူးလှဲ့နွယ်ကတော့ ပြုံးပြုံးလေးနဲ့ သဘောတွေ ကျနေလို့ပေါ့။

" အာကာ… ငါဗိုက်ဆာပြီဟ။ နေ့လယ်ထဲက ဘာမှ မစားရသေးဘူး တစ်ခုခုကျွေး"

" အိမ်မှာက ဘာမှ မရှိဘူးဟ။ ငါက အပြင်မှာ ထွက်စားတာ။ အခုလောလောဆယ် နင်အရမ်းဆာနေရင်တော့ ငါ အဆာပြေစားတဲ့ ပေါင်မုန့်နဲ့ ဒိန်ခဲရှိတယ်။ စားမလား"

" စားမယ်ဟ"

" ဒါဆို အိမ်ထဲသွားကြမယ်။ လာလေ…"

" လာပြီ… လာပြီဟေ့…"

အာကာက လက်တစ်ဖက်ကို ဆန့်တန်းပေးလိုက်တော့ ခြူးလှဲ့နွယ်က အဲဒီ လက်ကိုဆွဲပြီး မတ်တတ်ထပါတယ်။ ပြီးတော့ နှစ်ယောက်သား လက်တွဲမဖြုတ်ဘဲ အိမ်အတွင်းကို ပြေးဝင် သွားလိုက်ကြရဲ့။

ခြူးလှဲ့နွယ်ဟာ သူမ လက်ထဲက ကြာပန်းတွေကို လွှင့်မပစ်သလို သူမလည်တိုင်ထက်က ကြာပုတီးတွေကိုလည်း ချွတ်မပစ်ပါဘူး။ ကိုးရိုးကားရား ဒိုသီပတ်သီနဲ့ သူမကို ကြည့်ရတာ ကလေးငယ်တစ်ယောက်လို လွတ်လပ်ဖြူစင် နေပါတယ်။

အိမ်ထဲရောက်တော့ အာကာက ပေါင်မုန့်ကို ထောပတ် သုတ်ပေးပြီး သူမကို ချကျွေးတယ်။ ခြူးလှဲ့နွယ်က ကြာပန်းတွေကို သူမနံဘေးမှာ ပုံထားပြီး ဆာဆာလောင်လောင်နဲ့ ပလုတ်ပလောင်းလေး စားပါတယ်။ အာကာက ဝိုင်သောက် ရင်း သူမ စားနေပုံလေးကို မြတ်မြတ်နိုးနိုး ငေးလို့ ကြည့်နေတယ်။

" နွယ်"

" ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



" နင့်ကို ကြည့်ရတာ အရူးမလေးနဲ့ တူနေတယ်"

" အောင်မာ… သူများကိုများ…"

မြူးလွဲ့နွယ် ရှက်ကိုးရှက်ကန်းလေး ဖြစ်သွားပါတယ်။ အာကာ့ အမြင်မှာတော့ လှပြီးရင်း လှရင်းပဲပေါ့။ သူမက ပေါင်မုန့်ထူထူ ငါးချပ်လောက်ကုန်တော့ စားသောက်နေရာက လက်စသတ်ပစ်လိုက်တယ်။

အာကာက ဗိုင်မသောက်တော့ဘဲ သူမကိုသာ ခေရီရွာ စိုက်ကြည့်နေလိုက်ပါတယ်။ ကြာတော့ ကောင်မလေး မနေတတ် မထိုင်တတ်တွေ ဖြစ်လာရော။

" ဘာလို့ အဲဒီလိုမျိုးကြည့်နေတာလဲ"

" မြန်သတိရသွားလို့ပါ"

" ဘာကိုလဲဟင်"

အာကာက စကားကို ဆက်မပြောဘဲ တစ်ပိုင်းတစ်စ ရပ်တန့်ထားပါတယ်။ ဒါပေမယ့် သူ့စကားရဲ့ နောက်ဆက်တွဲကို သူမက ကြိုသိလို့နေပါပြီ။ မသိခံနိုင်ရိုးလားနော်…။

မြူးလွဲ့နွယ် ခေါင်းကလေး ငုံ့ကျနေပါတယ်။ သူမ မျက်နှာပြင်ဆီမှ ပန်းနုရောင် အရှက်တရားကို အာကာက တစိမ့်စိမ့် ခံစားနေတယ်။ သူမ ရင်တွေကတော့ တသိမ့်သိမ့်နဲ့ပေါ့။

" ငါတို့နှစ်ယောက် ငယ်ငယ်တုန်းက အရူးအမူး ချစ်ခဲ့ကြတယ်နော်"

အာကာ့ အသံတွေက လှိုက်မောတုန်ရီနေတယ်။

" အရင်တုန်းကလို နင် ငါ့ကို ချစ်သေးရဲ့လားဟင်"

ဆတ်ခနဲပါပဲ… မြူးလွဲ့နွယ် ခေါင်းလေးကို ညိတ်ပြတယ်။ ဆံနွယ် အခွေအလိပ်ကလေးတွေက သူမရဲ့ ရှက်မျက်နှာကို မလုံမလဲ ဖုံးကာအုပ်လို့…။

အာကာက လှုပ်ရှားနေတဲ့ သူမ လက်ဖျားလေးတွေကို ဖမ်းအုပ်ဆုပ်ကိုင်ကာ ငြိမ်သက်စေလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးသောအချစ်က သူတို့ရဲ့ စိတ်နှလုံးကို နိုးထစေပြီး သူတို့ကို နိုးစပ်သွားစေတယ်၊ သူတို့နှလုံးသားထဲ ဖျိုးမိတဲ့မီးဟာ သူတို့ကိုတော့ ငြိမ်းချမ်းသာယာသွားစေတယ်။ ကြာပုတီးလေးတွေ ပြတ်တောက်သွားတယ်။ ကြာပန်းလေးတွေ ပြန့်ကျဲသွားတယ်။ အချစ်ဆိုတာ မျဉ်းပြိုင်တစ်ခုမဟုတ်မှန်း သူတို့ အသေအချာ သိနားလည်သွားကြပါတယ်။

တစ်ယောက်ရင်ခွင်ထဲကိုတစ်ယောက် သူတို့ပြန်ရောက်လာတာ မီးတောက်တစ်ခုလိုပါပဲ။ တစ်ယောက်နှလုံးသားကို တစ်ယောက်က တောက်ပပြီးနွေးထွေးစေတယ်။ တစ်ယောက်ကိုတစ်ယောက် နောက်တစ်ကြိမ် ထပ်မံခွဲခွာရမယ့်အရေးတိုတွေးမိပြန်တော့ ပူလောင်ရတယ်။

အခုလောလောဆယ်မှာတော့ အရာရာဟာ လွန်ခဲ့တဲ့ ခုနစ်နှစ်ကအတိုင်းပါပဲ။ သူတို့ တစ်ယောက်ကိုတစ်ယောက် အသေအကြေ တပ်မက်နေကြလေရဲ့။

◉

www.burmeseclassic.com



**3rd, December, 2007**

**Yangon.**

"ဒေါက်တာနဲ့ တွေ့ဖို့အချိန် ရောက်ပါပြီရှင်"

သူနာပြုဆရာမနှင့်အတူ ဆရာဝန်သည် အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။ ထို့နောက် ဆရာဝန်သည် အမယ်အိုအား စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်လေ၏။

အဖိုးအိုက မှုန်ရီရီ မျက်လုံးတွေဖြင့် ဆရာဝန် ဆောင်ရွက်နေသမျှကို ငေး၍ ကြည့်နေသည်။ သူနာပြုဆရာမက ဆရာဝန် ပြောသမျှကို လိုက်လံမှတ်သားနေသည်။ ခဏကြာတော့ ဆရာဝန်၏ စစ်ဆေးစမ်းသပ်မှုများ ပြီးဆုံးသွားပါသည်။

အခန်းထဲမှ ထွက်ခါနီးတွင် ဆရာဝန်က အဖိုးအိုကို လက်ကုတ်၍ ခေါ်သွားသည်။ အခန်းပြင်ရောက်တော့မှ ညင်ညင်သာသာ မေး၏။

"အဘက လူနာရှင်နော်"

"ဟုတ်ပါတယ်"

အဖိုးအိုက သွက်သွက်လက်လက် ခေါင်းညိတ်ပြပြီး ဆရာဝန် ဆက်ပြောမည့် စကားကို မျှော်လင့်တကြီး စောင့်စားနေ၏။ ဆရာဝန်က ခဏတာမျှ စဉ်းစားပြီးမှ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



" လူနာရဲ့ ကျန်းမာရေး အခြေအနေနဲ့ ပတ်သက်ပြီးတော့ ထွေထွေထူးထူး ပြောစရာမရှိပါဘူး။ သူ့ရဲ့ နှလုံးကလည်း ဒီရက်ပိုင်းအတွင်းမှာ ဆိုးဆိုးဝါးဝါး ထောက်ပြစရာ မရှိဘူး။ ဒါပေမယ့်..."

ဆရာဝန်က စကားကိုရပ်ထားပြီး အိုးအိုံ မျက်နှာကို ကြည့်သည်။ အိုးအိုံ သည် စိတ်စောစွဲနေ၏။

" ဒါပေမယ့် ဘာဖြစ်သလဲဟင်"

" နပ်စ်ပြောတော့ အဘက လူနာကို စာဖတ်ပြနေပြန်တယ်ဆို"

" ဟုတ်ပါတယ်။ သူ သတိပြန်ရလာအောင်လို့ပါ။ ကျွန်ုပ် လုပ်တာ မှားနေလို့လား"

" မဟုတ်ပါဘူး။ ဒါပေမယ့် စီနိုင်းဒီမဲန်းရှာ (Senile Dementia) ရောဂါသည်တွေဟာ ပြန်ကောင်းဖို့ မလွယ်ဘူး။ ဒါဟာ ရောဂါလည်း ဆိုင်ပါတယ်။ သူတို့ဟာ တဖြည်းဖြည်းနဲ့ ဆိုးလာတာ။ နောက်ဆုံးမှာ လူနာဟာ ဘယ်တော့မှ ပြန်မကောင်းဘူး။ ကျွန်တော်က အဘ အရမ်းမျှော်လင့်ထားမှာ စိုးလို့ပါ။ အဘလည်း နေ့စဉ်နေ့တိုင်း အကြိမ်ကြိမ် ကြိုးစားခဲ့ပြီးပြီပဲလေ။ အခြေအနေကို သိမှာပါ"

" ကျွန်ုပ် သိပါတယ်။ ဒါပေမယ့် သူ ကျွန်ုပ်ကို ပြန်မှတ်မိသွားတဲ့ အချိန်ထော တာလေးကိုပဲ ကျွန်ုပ်မှာ မျှော်လင့်ချက်မဲ့နေမိတာပါ။ မေတ္တာတရားဟာ ထူးဆန်းအံ့ဩစရာတွေ ဖန်ဆင်းနိုင်တယ်လို့ ကျွန်ုပ် ယုံကြည်တယ်။ တစ်ခါ တစ်လေမှာ ဆေးပညာနဲ့ ကုသလို့ မရတာတွေကို မေတ္တာတရားက တတ်နိုင်စွမ်း ဝါလိမ့်မယ်"

အိုးအိုံ၏ အသွင်သဏ္ဌာန်သည် ချိနဲ့ကြုံလှီလျက်ရှိ၏။ သို့သော် သူ့စိတ်၏ အသွားကတော့ သန်စွမ်းထက်မြနေသည်။

" ကျွန်ုပ် သူ့ကို စာဖတ်ပြစရာ ရှိသေးတယ်။ ပြောစရာ မရှိတော့ရင် ကျွန်ုပ်ကို ခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



အိုးဒိုးသည် အခန်းတွင်းသို့ ပြန်ဝင်သွားပါသည်။ ဆရာဝန်သည် အိုးဒိုး၏ ကျောပြင်ကိုကြည့်၍ သက်ပြင်းမွှမ္မချသည်။ ကြောက်စရာကောင်းလောက်အောင် နိုင်မြဲခြင်းမြဲတ်သော မဇ္ဈာတရားတစ်ခုကို ပြက်ပြက်ထင်ထင် သူ တွေ့ရှိလိုက်ရလေ၏။

လူနာဆောင်အတွင်းမှ စိတ်အားထက်သန်သော စာဖတ်သံသဲ့သဲ့ ပေါ်ထွက်လာပါတော့သည်။

www.burmeseclassic.com



**19th, May, 1963**

**Pyin Oo Lwin**

နွေရာသီဟာ ချိုမြိန်နေပါတယ်။ လွန်ခဲ့တဲ့ ခုနစ်နှစ်ခန့်က မငြီးပြတ်သေးတဲ့ နွေဦးစာတ်လမ်းဟာ ယခု နွေနှောင်းပိုင်းကာလမှာ ပြန်လည်အသက်ဝင်ကာ ဆက်လက် ကပြတယ်။

ဒါဟာ နွေရာသီရဲ့ ဆန်းကြယ်တဲ့ အချစ်မှတ်တမ်းတစ်ခုပါပဲ။

ဝရန်တာပေါ်မှ မြူးလွဲ့နွယ်ဟာ နွေရာသီရဲ့ လှပမှုတွေကို ကင်းစာတ်စပေါ် ထုံးယူရေးဆွဲနေတယ်။ သူမ စိုတ်ဖှုအရုံတွေက တစ်နေရာတည်းမှာသာ နစ်မြှုပ်မူးဝင် သွားပေါ့။ ကျန်တာအားလုံးကို သတိလစ်သလို မေ့လျော့ထားလိုက်ပါရဲ့။

အလုပ်ကိစ္စနဲ့ အာကာ အပြင်ထွက်သွားတယ်ဆိုတာကိုလည်း သူမ မေ့လျော့ထားတယ်။ ဒီရက်အတွင်းမှာ အာကာနဲ့ သူမဟာ ချစ်ခြင်းရဲ့ ခေါ်ဆောင်မှုနောက်ကို အကြိမ်ကြိမ် အခါခါ အတူတူ လိုက်ပါခဲ့ကြတယ်ဆိုတာကိုလည်း မေ့လျော့ထားတယ်။ ဝရန်တာပေါ်ကနေ နေထွက်တာကို နှစ်ခါ၊ နေဝင်တာကို နှစ်ခါ ရပ်ကြည့်ခဲ့ကြတယ်ဆိုတာကိုလည်း မေ့လျော့ထားတယ်။ ဟင်းလျာတွေ ဝယ်ခြမ်းပြီး အတူတကွ ချက်ပြုတ်စားသောက်ကြတယ်ဆိုတာကိုလည်း မေ့လျော့ထားတယ်။ သူတို့ရဲ့

www.burmeseclassic.com



နှစ်ရှိသံယောဇဉ်တွေဟာ သူတို့ ဖြစ်စေချင်တာတွေ မှန်သမျှ ဖြစ်စေခဲ့ကြတယ်ဆို တာကိုလည်း မေ့လျော့ထားတယ်။

အပျော်ကြီးပျော်တာတွေ အားလုံးကို မေ့ထားပြီး အနုပညာ ဗျာနိဝင်စာစွာနဲ့ သူမကိုယ်သူမ ပန်းချီကားထဲမှာသာ နှစ်ထားလိုက်ပါရဲ့။

အဲဒီလိုအချိန်အခါမှာပဲ အိမ်ရှေ့ကို ကားတစ်စီး ဆိုက်ရောက်လို့ လာပါတယ်။ ကားစက်သံကြောင့် မြူးလဲ့နွယ် အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်သွားရတယ်။ အာကာရဲ့ အသိထင်ပြီး အာကာ အပြင်သွားကြောင်း ပြောမလို့ သူမ ဝရံ့တာပေါ်က နေ အိမ်အောက်ဆင်းသွားလိုက်မိတယ်။

" ဟင်... "

အိမ်ရှေ့ရောက်တဲ့ အခါမှာတော့ သူမ ကျွှာချက်သလို ထိတ်လန့်ချောက်ချား သွားပါတယ်။ ကားပေါ်ကနေ ဆင်းလာသူဟာ အခြားလူမဟုတ်ဘဲ သူမရဲ့ မိခင်ဖြစ် နေလို့ပါပဲ။

" မာမီ... ဘယ်... ဘယ်လိုလုပ်ပြီး... ဒီကို ရောက်လာတာလဲ ... "

" ငါတင် မဟုတ်ဘူး။ သော်စင်ပါ ဒီကို ရောက်နေပြီ။ သူကိုငါ တည်းခိုခန်းမှာ စောင့်ခိုင်းထားခဲ့တာ။ နင့်ကိုငါ တည်းခိုခန်းတွေ တစ်ခုပြီးတစ်ခု လိုက်ရှာနေတာ။ နင်တည်းခိုခန်းကိုလည်း ညပြန်မအိပ်ဘူးဆို။ နင်က ထင်ထား တာထက်တောင်မှ ပိုမိုက်လုံးကြီးနေပါလား။ သော်စင်နဲ့တွေ့တော့ သူပြောမှ နင် ဒီမြို့ကိုသွားမှန်းသိပြီး မသက်ာလို့ လိုက်လာတာ... "

ဒေါ်သီဂီနွယ်ရဲ့ မျက်နှာဟာ တင်းမာခက်ထန်နေပါတယ်။ မြူးလဲ့နွယ် က မိခင်ဖြစ်သူကို ရှူးရှူးစိုက်စိုက်ကြည့်တယ်။

" လွှတ်စုံသွားတော့လည်း ကောင်းတာပေါ့ မာမီရယ်။ ရှင်းရ လင်းရတာ အဆင်ပြေသွားတာပေါ့။ မာမီကိုလည်း မေးရဦးမယ်။ သမီးဆီကို အာကာ ထည့်လိုက်တဲ့ စာတွေကို မာမီ ကြားကနေ ဖျောက်ဖျက်ပစ်လိုက်တာ မဟုတ်လား "

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် "

ငြင်းလည်းမရတဲ့ အတူတူ ဒေါ်သီဂီနွယ် မငြင်းတော့ပါဘူး။ အမှန်အတိုင်းပဲ ဝန်ခံလိုက်တယ်။ အဲဒီအတွက် ချိုးလဲ့နွယ် မျက်နှာမှာတော့ မဲ့ပြုံးတစ်ခု ဖြစ်ပေါ်သွားပါရဲ့။

" လုပ်ရက်လိုက်တာ မာမီရယ်။ အဲဒီစာတွေ ရောက်မလာလို့ သမီးနေ့တိုင်း မျက်ရည်အလူးလူးနဲ့ ဖြစ်နေတာကို သိရက်နဲ့ မာမီဗို့ မစာမနာ လုပ်ရက်တယ်။ တော်ဒီ သိပ်ရက်စက်တယ် "

ချိုးလဲ့နွယ်က မိခင်ဖြစ်သူကို အပြစ်တင်တယ်။ ဒေါ်သီဂီနွယ် ကတော့ မဖြေပါဘူး။

" ငါ့ လုပ်ရပ်က ရက်စက်တယ်ဆိုရင်တောင် မိဘတစ်ယောက်အနေနဲ့ ဖြစ်သင့် ဖြစ်ထိုက်တာကို လုပ်ခဲ့တာပဲ။ မိဘဆိုတာ ကိုယ့်သားသမီး ကောင်းစားတာ ထိုပဲ မြင်ချင်တာ။ ဆင်းရဲတွင်းထဲ ခုန်ဆင်းမှာကိုတော့ လက်ပိုက်ကြည့်မနေနိုင်ဘူး။ တားသင့်ရင် တားရမှာပဲ။ အခုလည်း နင် ဒီမှာ ဘာလာလုပ်နေတာလဲ။ ကလေကချေ တစ်ယောက်ကို ဒီလောက်အထိ အစွဲအလမ်းကြီးတာ နင် သိပ်မိုက် မဲလွန်းနေပြီ "

" အာကာဟာ အခု ကလေကချေတစ်ယောက် မဟုတ်တော့ပါဘူး မာမီ။ ကိုယ်ပိုင်တိုက်အိမ်နဲ့ ပုံမှန်ဝင်ငွေရှိတဲ့ လုပ်ငန်းတစ်ခုကို ပိုင်ဆိုင်နေပါပြီ။ ပြောရမယ်ဆိုရင် သူလည်း လူကုံထံတစ်ယောက် ဖြစ်နေပါပြီ "

ချိုးလဲ့နွယ်က ချစ်သူဘက်က ရှေ့နေလိုက်ပေးပါတယ်။ ဒါပေမယ့် ဒေါ်သီဂီနွယ်က နှိုင်းယှဉ်မှုနဲ့ ပယ်ချတယ်။

" သူ ပိုင်ဆိုင်တာတွေဟာ သော်စင်ရဲ့ ကြွယ်ဝမှုနဲ့ ယှဉ်ရင် အစိတ်အပိုင်း တစ်ခုစာလောက်ပဲ ရှိတာပါ "

" ဒါပေမယ့် သော်စင့်ကိုမှ သမီး မချစ်တာ မာမီရယ် "

" မချစ်လည်း လက်ထပ်ရမှာပဲ။ အားလုံး စီစဉ်ပြီးနေပြီ။ နင်[illegible]

www.burmeseclassic.com



ထက်ထပ်ကြမယ့် သတင်းက လှုကုံထံအသိုင်း အဝိုင်းထဲမှာ ဟိုးဟိုးကျော်နေပြီ။ နှင်း ဒယ်ဒီဆို လက်ထပ်ပွဲ ပျက်သွားမှာကို အရမ်းကြောက်နေတယ်။ ငါတို့ မိဘတွေကိုတော့ အရက်မခွဲပါနဲ့သမီးရယ်… မာမီ တောင်းပန်ပါတယ်။ ခဏတာ သာယာမှုကို ရှေ့တန်းတင်ပြီး မစဉ်းစားလိုက်ပါနဲ့။ အဖြစ်သင့်ဆုံး ကို သေသေချာချာ ရွေးချယ်ပြီး ဆုံးဖြတ်ပါ… မာမီနဲ့ ပြန်လိုက်ခဲ့ပါ သမီးရယ်"

ဒေါ်သီဂီနွယ်က အပျော့ဆွဲလေး ဆွယ်လာတယ်။ ဖြူးလွဲနွယ် ရွေးချယ်ရ ခက်ခဲသွားပါတယ်။ ချစ်သူကို နောက်တစ်ကြိမ် ဆုံးရှုံးရင် ထပ်မံခံစားရဦးမယ့် နာကျင်မှုဝေဒနာတွေကို သူမ ကြောက်လန့်နေမိပြန်ပါတယ်။

မိဘ…။ သိက္ခာ…။ အရှက်…။

အချစ်…။ သာယာမှု…။ နယ်ကျွံခြင်း…။

အစွန်းနှစ်ဖက်ပေါ်တွင် ရပ်မိတဲ့သူမ စဉ်းစားခန်းထဲမှာ အကြပ်အတည်းဖြစ်လို့ နေရှာပါရဲ့။

" နွယ်ရေ… နွယ်…"

စားသောက်ဖွယ်ရာ အထုပ်ကလေးတွေ လက်မှာဆွဲကိုင်ပြီး သူမနာမည်ကို တကြော်ကြော်ခေါ်ရင်း ပြေးလာနေတဲ့ အာကာ့ကို ဖြူးလွဲနွယ် လှမ်းမြင်လိုက်ရ ပါတယ်။ အရင်နေ့ကလို သူမ ရွှင်မြူးစွာ ထွက်မကြိုနိုင်တော့ပါဘူး။

အသာရပ်ကြည့်နေလိုက်ရတယ်။ အနားရောက်တော့မှ လေးလေးပင်ပင် ပြောလိုက်တယ်။

" အာကာ… ငါ့ကို ငါ့အမေ လာခေါ်တယ်"

" ဗြော်"

အာကာက ဒေါ်သီဂီနွယ်ကို တစ်ချက်ကြည့်တယ်။ သူ့မျက်နှာပေါ်က အပျော်ရိပ်တွေဟာ တမဟုတ်ချင်း ပြုတ်ကျသွားပါတော့တယ်။

" နှင် ပြန်လိုက်သွားမှာလား နွယ်။ ငါ့ဆီကိုကော ပြန်လာဦးမှာလား။

www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့ရက်တွေမှာ ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ နင် သိပါတယ်နော်"

" ငါ သိပါတယ် အာကာရယ်။ ငါ မမေ့ပါဘူး။ ဒါပေမယ့် ဘာတွေတယ်လို လုပ်ရမယ်ဆိုတာ ငါ စဉ်းစားမရတော့ဘူး။ ငါ လက်ထပ်ရမယ့် သော်စင်ဆိုတဲ့ လူလည်း ဒီမြို့မှာ ရောက်နေပြီ"

" အဲ့ဒါဆို နင်သူ့ဆီ ပြန်သွားမှာပေါ့ ... ဟုတ်လား နွယ် ..."

အာကာ တုန်တုန်လှုပ်လှုပ် မေးလိုက်ပါတယ်။ ချစ်သူကို အဆုံးရှုံးမခံရဲ လောက်အောင် အမြင့်မားဆုံး ခံစားမှုမျိုးနဲ့ သူ့ရဲ့လမ်း ဖြတ်နိုးလို့နေပါပြီ။

မြူးလှဲ့နွယ်ရဲ့ မျက်နှာလေး ညှိုကာ သူမ မျက်ဝန်းဟာ မျက်ရည်တွေနဲ့ စိုလာတယ်။ သူမ နှုတ်ခမ်းပါးလေးဟာ နာကျင်စရာကောင်းလောက်အောင် တုန်ရီဖြစ်ပျက်လို့ ...။ ခံစားရတာ ပင်ပန်းခက်ခဲလိုက်တာ ...။

" ငါ သူ့ကို လက်ထပ်ဖို့ ကတိပေးထားမိတယ်။ ငါ စကားကျွံသွားတယ်ဟာ။ ဘာလုပ်ရမှန်းကို မသိတော့ဘူး"

" နင်က သူနဲ့ စကားတင် ကျွံတာပါဟာ။ ငါနဲ့ ဖြစ်ခဲ့တာတွေကျတော့ ကော ...။ နင် လွယ်လွယ်မေ့ပစ်တော့မှာလား ...။ တခြားဟာတွေ ထည့်တွက် နေဘဲ နင့်အတွက်ပဲ နင်စဉ်းစားလိုက်။ အဲ့ဒါဆို အဖြေက ထွက်လာလိမ့်မယ်။ နင် ဘာဖြစ်ချင်တာလဲ ... အဲ့ဒါကိုပဲ ပြော"

" ငါ နင်နဲ့ပဲ အတူ နေချင်တာ"

" အဲ့ဒါဆို အဖြေက ရှင်းနေပြီပဲ။ နင် ငါနဲ့ပဲ နေတော့ပေါ့"

အာကာက မြူးလှဲ့နွယ်ရဲ့ လက်ကလေးတစ်ဖက်ကို ဝမ်းမြောက်ဝမ်းသာ လှမ်းဆွဲလိုက်ပါတယ်။ အဲဒီအခါ ဒေါ်သီဂီနွယ်က ကြားထဲကနေ ဖြတ်ဝင်ပြီး တွဲထားတဲ့ လက်နှစ်ဖက်ကို ဆောင့်ဆွဲဖြုတ်ပစ်လိုက်တယ်။

" အခြေအနေက အဲဒီလောက် မလွယ်ကူဘူး။ မင်္ဂလာပွဲ စီစဉ်မှုက လူသိရှင်ကြား ဖြစ်နေပြီ။ ငါတို့ မျက်နှာပျက် မခံနိုင်ဘူး။ လာ ... သမီး ...

www.burmeseclassic.com

www.burmeseclassic.com



တာမီနဲ့ ပြန်လိုက်ခဲ့"

" အာကာ"

ဒေါ်သီဂီနွယ်က သမီးဖြစ်သူကို ဆွဲလျှို့ပြီး ကားထဲအတင်း ထိုးသွင်းပါတယ်။ ခြူးလဲ့နွယ်က ရှန်းကန်အော်ဟစ်ရင်း အာကာ့ကို အကူအညီ တောင်းတယ်။ အာကာက ဒေါ်သီဂီနွယ်ရဲ့ လက်ထဲကနေ ခြူးလဲ့နွယ်ကို ပြန်လုယူဖို့ ကြိုးစားပါတယ်။ အဲ့ဒီအခါ ဒေါ်သီဂီနွယ်က တွန်းလွှတ်တယ်။ ပါးစပ်ကလည်း အော်ငေါက်တယ်။

" မင်း ငါ့သမီး အသား မထိနဲ့။ ကိုယ့်ရဲ့ သဘောမတူတဲ့ လူတစ်ယောက်ကို မိဘလက်ထဲကနေ ဆွဲလုတာ မင်း မရှက်ဘူးလား။ မင်း အဆင့်အတန်းနဲ့က အဲ့ဒီလို လုယူမှပဲ မိန်းမတစ်ယောက် ရတော့မှာလား။ တကယ့် အဆင့်အတန်း ရှိတဲ့လူတွေက အဲ့ဒီလိုမျိုး မလုပ်ကြဘူးကွ။ မင်းဟာမင်း ဘာပဲဖြစ်လာဖြစ်လာ ငါကတော့ မင်းကို လုံးဝ အထင်မကြီးဘူး။ ငါ့ အမြင်မှာတော့ မင်းဟာ အရင်က အတိုင်း ကလေကချေ အောက်တန်းစားက ကလေကချေ အောက်တန်းစားပဲ။ အခု မင်းလုပ်ရပ်က ဖော်ပြနေတာ"

အာကာ ကယိမ်းကယိုင် နောက်ဆုတ်သွားပါတော့တယ်။ ဒေါ်သီဂီနွယ် တွန်းထုတ်လိုက်တဲ့ အရှိန်ကြောင့်တော့ မဟုတ်ပါဘူး။ ပြင်းထန်ရင့်သီးလွန်းတဲ့ ဒေါ်သီဂီနွယ်ရဲ့ စကားလုံးတွေကြောင့်ပါ။

ဒဏ်ရာဟောင်းက ရှူးရှူးဝါးဝါး ပြန်ပေါ်သွားတယ်။ အခြေ မလှခဲ့တဲ့ သူဟာ ဂုဏ်ကြီးရှင်တွေနဲ့ယှဉ်ရင် အစအဆုံးထိ လူရာသွင်း မခံရသေးတဲ့ အပေါစားပါမွှားတစ်ကောင်ပဲပေါ့။

ကားက မောင်းထွက်သွားတယ်။ ကားထဲက ခြူးလဲ့နွယ်ရဲ့ မျက်နှာလေးဟာ မျက်ရည်တွေနဲ့ နီမြန်းမို့အစ်လို့…။ နှစ်ယောက်စလုံးရဲ့ ရင်ဘတ်ထဲမှာတော့ ဒဏ်ရာတွေက အပြတ်ပြတ်အသတ်သတ် တစ်ဆို့လို့…။ ဝေဒနာတွေနှိပ်စက်လို့

www.burmeseclassic.com

www.burmeseclassic.com



နာကျင်ပူလောင်ရတာ အလူးလူး အလိမ့်လိမ့်နဲ့…။ ပျော်မြူးခဲ့ရတဲ့ နေ့ရက်နဲ့ မျှတအောင် ခံစားရတာ မရှိခဲ့ပါပဲ။ သည်းခြေပျက်မတတ်ပဲပေါ့။

ကံစာတ်ဆရာက သူတို့နှစ်ဦးကို နောက်တစ်ကြိမ် ရှင်ကွဲ ထပ်ခွဲလိုက်ပြန်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



**3rd, December, 2007**

**Yangon.**

" စာတ်လမ်းလေးက အရမ်း သနားဖို့ကောင်းတာပဲ"

" ဟုတ်တယ်"

" ဘာကြောင့် ကျွန်မကို ဒီလောက်ထိ ဝမ်းနည်းစေတာလဲ"

" ခင်ဗျား ရှာနဲ့ဝင်သွားလို့ ဖြစ်မှာပါ"

" ဖြစ်နိုင်တယ်။ သူတို့နေရာဝင်ပြီး ကျွန်မကိုယ်တိုင် ခံစားနေရတယ်။ ပြီးတော့ ဒီစာတ်လမ်းလေးကို တစ်ခါမက နားထောင်ဖူးသလားလို့…"

အမယ်အိုက မျက်မှောင်ကုတ်၍ တွန့်ခေါက်နေသော နဖူးကြောတွေ ကျုံ့တွဲလာသည်အထိ စဉ်းစား၏။ အတန်ကြာတော့ စိတ်ပျက်လက်ပျက် ခေါင်းကိုခါသည်။

" ကျွန်မ တွေးလို့ မရဘူး ဖြစ်နေတယ်။ ဒါနဲ့ ဆက်ပြောပါဦး။ ကောင်မလေးက နောက်ဆုံးမှာ ဘယ်သူ့ကို ရွေးချယ်လိုက်လဲ"

" ဘယ်သူ့ကို ရွေးချယ်လိုက်သလဲ ဆိုတော့…"

အဖိုးအို၏ မျက်လုံးအကြည့်တွေက စာရွက်တွေပေါ်မှာ လူးလာ၍လျက် ရှိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



**19th, May, 1963**

**Pyin Oo Lwin**

" ကိုယ့်မှာ ရွေးချယ်စရာ သုံးခုရှိတယ်။ တစ်ခုက အဲဒီကောင်ကို သတ်ပစ်ဖို့။ နောက်တစ်ခုက မင်းကို သူ့ဆီကနေ ဆွဲထုတ်ဖို့။ နောက်ဆုံးတစ်ခုကတော့ ကိုယ်ထွက်သွားဖို့ပဲ။ အားလုံးက တစ်ခုမှတော့ မကောင်းဘူး။ ဘယ်လိုလုပ်ရင် မင်းကို ကိုယ် ပိုင်ဆိုင်ခွင့်ရမှာလဲ။ မင်းကို ကိုယ် အရမ်းမျှော်လင့်ထားတာ။ အခုတော့ အားလုံးပျက်စီးသွားတော့မှာလား"

သော်စင် အကြီးအကျယ် ပေါက်ကွဲနေပါတယ်။ မိခင်ဖြစ်သူ ဝိတ်ပင်ထားတဲ့ကြားကနေ မြူးလွဲနှယ်က သူမ ဒီမြို့ကိုလာတာ ချစ်သူကို လာတွေ့တာဖြစ်ကြောင်း။ ဒီမြို့မှာ သူမနဲ့ ငယ်စဉ်ကတည်းက ချစ်ကြိုက်ခဲ့တဲ့ သူမရဲ့ချစ်သူရှိကြောင်း ပြောပြလိုက်လို့ သော်စင် လှုပ်လှုပ်ရှားရှား ဖြစ်သွားတာပါ။

" ကိုယ် မင်းကို တစ်ဘဝလုံးအတွက် ချစ်ခဲ့တာ။ ဘယ်လို [illegible] လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး။ မင်းဟာ ကိုယ့်အတွက်ပဲ ဖြစ်စေချင်တယ်"

" ကျွန်မ အာကာ့ကို မေ့လို့ရမှာ မဟုတ်ဘူး"

" ကိုယ် နားလည်ပါတယ်။ အချစ်ဦးဆိုတာ လွယ်လွယ်နဲ့ [illegible] ပါဘူး။ ဒါပေမယ့် ကိုယ်တို့နှစ်ယောက် လက်ထပ်ဖို့က အားလုံး [illegible]

www.burmeseclassic.com



ခြူးလှဲ့ ကိုယ့်ကို လက်ထပ်ပါ"

" ချစ်သူရည်စားရှိတဲ့ မိန်းမတစ်ယောက်ကို ရှင် စိတ်သန့်သန့်နဲ့ လက်ထပ်ဝံ့လို့လား"

" ဘာကြောင့် လက်မထပ်ဝံ့ရမှာလဲ။ သိပ်လက်ထပ်ဝံ့တာပေါ့"

"ဒါဆို … ရှင့်ကို ကျွန်မ မကွယ်မဝှက်ဘဲ အားလုံး အမှန်အတိုင်းပြော ပြမယ်။ ပြီးတော့မှ ရှင်ဆုံးဖြတ်ပါ"

ခြူးလှဲ့နွယ်က သော်စင့်မျက်နှာကို တည့်တည့်မတ်မတ်ကြည့်လိုက်တယ်။ သော်စင်ကလည်း ခြူးလှဲ့နွယ်မျက်နှာကို တည့်တည့်မတ်မတ်ကြည့်ပြီး ငြိမ်ငြိမ်သက်သက် ရပ်နေတယ်။

နွေနှောင်းပိုင်းကာလဟာ ပျော်ရွှင်စရာတွေနဲ့အတူ ကြေကွဲစရာတွေပါ ရောနှောထုတ်လွှင့်လျှက်ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**3rd, December, 2007**

**Yangon.**

" ဒီလောက်ဆို ဇာတ်လမ်းအဆုံးသတ်ကို မှန်းလို့ရပြီ"

အမယ်အိုပြောတော့ အဖိုးအိုက ပြုံးသည်။

" ဘယ်လိုများလဲ"

" ကောင်မလေးနဲ့ လက်ထပ်မယ့်လူက ကောင်မလေးကို လက်မထပ်တော့ဘူး။ အဲ့ဒါကြောင့် ကောင်မလေးက သူချစ်သူ ကောင်လေးဆီ ပြန်သွားတယ်။ သူတို့နှစ်ယောက် ပျော်ရွှင်စွာ ပေါင်းဖက်ကြလေသည်ပေါ့…။ ကျွန်မပြောတာ ဟုတ်တယ် မဟုတ်လား"

အမယ်အိုက အခိုင်အမာ ပြောချလိုက်သည်။ ထို့နောက် အဖိုးအို၏ လက်ထဲမှ စာအုပ်အား ဆတ်ခနဲ ဆွဲယူပြီး စာရွက်တွေကို တဖျတ်ဖျတ် လှန်၍ ကြည့်လေသည်။ ထိုအခါ အမယ်အို၏ မျက်ဝန်းတွင် မယုံကြည်နိုင်သော အံ့ဩသော အရိပ်အယောင်များ အထင်အရှား ဖြစ်ပေါ်ပြေးလွှားသွား၏။

အဘယ်ကြောင့်ဆိုသော်…

စာအုပ်အတွင်းရှိ စာမျက်နှာများ အားလုံးသည် ဗလာသက်သက် စာမျက်နှာများသာ ဖြစ်နေလေသည်။ စာတစ်လုံးတစ်ပါဒမျှပင် ရေးသားထားသော မတွေ့ရချေ။

www.burmeseclassic.com

www.burmeseclassic.com



**3rd, December, 2007**

**Yangon.**

" စာတစ်လုံးမှ မရှိဘဲနဲ့ ရှင် ကျွန်မကို ဘယ်လိုလုပ်ပြီး စာဖတ်ပြတာလဲ"

" နှလုံးသားနဲ့ ဖတ်ပြတာပါ"

www.burmeseclassic.com

www.burmeseclassic.com



**3rd. December, 2007**

**Yangon.**

" ရှင် ဘယ်သူလဲ"

" ဘယ်သူလို့ ထင်လဲ"

www.burmeseclassic.com

www.burmeseclassic.com



**3$^{rd}$, December, 2007**

**Yangon.**

"" ကျွန်မ မေးတာကိုသာ ရှင် ဖြေပါ""

"" ကျုပ် မေးတာကိုလည်း ခင်ဗျား စဉ်းစားကြည့်ပါဦး""

www.burmeseclassic.com

www.burmeseclassic.com



**3rd, December, 2007**

**Yangon.**

အမယ်အိုသည် အဖိုးအိုကို စိုက်၍ ကြည့်နေသည်။
အဖိုးအိုသည် အမယ်အိုကို စိုက်၍ ကြည့်နေသည်။
အမယ်အို၏ မျက်ဝန်းတွေသည် လက်ခနဲပဲ ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



3rd, December, 2007

Yangon.

" အိုး... ကျွန်မ သိပြီ"

" ဘာသိတာလဲ"

" ကျွန်မ မှတ်မိပြီ"

" ဘာကိုမှတ်မိတာလဲ"

" အဲဒါပဲလေ... အဲဒါ... အဲဒါ ကျွန်မတို့ အကြောင်းပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



**3rd, December, 2007**

**Yangon.**

" အာကာ"

" နွယ်"

www.burmeseclassic.com

www.burmeseclassic.com



**3rd, December, 2007**

**Yangon.**

" ငါ ဘာဖြစ်သွားတာလဲ အာကာ"

" ဘာမှ မဖြစ်ပါဘူး. နွယ်ရယ်။ နင့် စိတ်တွေ ခဏလေး အဝေးရောက်သွားတာပါ"

" ငါတို့အတွက် အချိန်ဘယ်လောက် ကျန်သေးလဲဟင်"

" ငါ မသိဘူး။ အရင် တစ်နေ့ကတော့ ငါးမိနစ်တောင် မကြာဘူး".

" ငါတို့ရဲ့ အချစ်က ထူးဆန်းအံ့သြစရာတွေကို ဖန်ဆင်းနိုင်တယ်နော်"

" ဒါပေါ့ နွယ်ရယ်။ အဲ့ဒါကြောင့်လည်း ငါ့ဆီကိုနင် အကြိမ်တိုင်း ပြန်ရောက်လာတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



**3rd, December, 2007**

**Yangon.**

အဝိုးအိုနှင့် အမယ်အိုသည် တစ်ယောက်ကိုတစ်ယောက် တင်းတင်းကြပ်ကြပ် မြတ်မြတ်နိုးနိုး ပွေ့ဖက်ထားကြလေသည်။

အဖိုးအိုသည် သူ့စွမ်းဆောင်ချက် အောင်မြင်သွားသဖြင့် အတိုင်းမသိ ကျေနပ်နေသည်။ သူချစ်သူသည် သူ့ကို မှတ်မိသွားသဖြင့် ပျော်မဆုံးနိုင်သဲ ဖြစ်၍နေ၏။ သူ့ဘဝမှာ တွယ်တာစရာ ဆို၍လည်း အမယ်အိုသာရှိ၏။

အမယ်အိုသည် အခြားသောလူကြီးရောဂါများနှင့်အတူ သတိ မေ့လျော့တတ်သည့် မှတ်ဉာဏ်အားနည်း ချို့ယွင်းသည့် ရောဂါဝေဒနာပါ စွဲကပ်ခံစားနေရတာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



( အနာဂတရနေ့ရွှံများ )

မြူးလှဲနွယ်သည် သော်ဇင်နှင့် လက်ထပ်ဖြစ်ခဲ့သည်။ သော်ဇင် က သူမကို ချစ်လှပါချည်ရဲ့ဟုဆိုကာ ဖြစ်ပျက်ခဲ့သမျှကို သင်ပုန်းချေပြီး လက်ထပ်ခွင့်ကိုသာ ခွတ်တရွတ် တောင်းဆိုသည်။ မိဘတွေကိုလည်း မျှော်ဆန်နိုင်သဖြင့် ရင်နာနာနှင့်ပင် မြူးလှဲနွယ်သည် သော်ဇင်အား လက်ထပ်လိုက်ရ၏။

လက်ထပ်ပြီး လအနည်းငယ်ကြာတာနှင့် သော်ဇင်က အရိုးပြောင်းလာသည်။ မြူးလှဲနွယ်ကို ကောင်းကောင်းမွန်မွန် မဆက်ဆံတော့ဘဲ အကြောင်းမရှိ အကြောင်းရှာပြီး ပြဿနာလုပ်သည်။ အပြင်တွင်လည်း မိန်းမပျက်တွေနှင့် ရှုပ်ယှက် တိုင်းရှုပ်မွှေ၏။ သော်ဇင် အရက်မူးပြီး ပြန်လာသည့်နေ့တွေဆိုလျှင် မြူးလှဲနွယ်မှာ အနိပ်စက်ခံဘဝ ရောက်ရရှာသည်။

ရုံးမြစ်တိုင်းလည်း မြူးလှဲနွယ်အား အာကာနှင့် မှောက်မှားခဲ့သည့် အကြောင်း ကိစ္စကြီးကို ရှေ့တန်းတင် ပြောဆိုကာ မိန်းမပျက်တစ်ယောက်လို ပုတ်ခတ်ကဲ့ရဲ့ လေသည်။ အာကာ၏ သွေးနှောမှာ စိုးသောကြောင့်ဟုဆိုကာ ပဋိသန္ဓေ တားဆေး များလည်း အလွန်အကျွံ တိုက်ကျွေးလေသည်။ ထိုနောက်ပိုင်း နေ့ရက်များကတော့ မြူးလှဲနွယ်အတွက် အရှင်လတ်လတ် ငရဲကျသည့် နေ့ရက်များသာ ဖြစ်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေး မသာယာသည့်အတွက် နောက်ဆုံးမှာ သော်စင်နှင့် ခြူးလွဲနွယ်သည် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲလိုက်ကြသည်။ ထိုအခါ ခြူးလွဲနွယ်သည် အာကာ့ဆီကို ပြန်သွားလေသည်။ အာကာကလည်း ဝမ်းပမ်းတသာ ဆီးကြိုလက်ခံသည်။ ခြူးလွဲနွယ်၏ မိဘတွေကလည်း မတားမြစ်ကြတော့ချေ။

အာကာက သူတို့ အိမ်ထောင်ရေးပိုမိုသာယာ စိုပြည်စေရန်အတွက် ကလေးယူဖို့ ပြောလေသည်။ ထိုအကြံကို ခြူးလွဲနွယ်ကလည်း သဘောတူလက်ခံသည်။ သို့သော် လက်တွေ့ဘဝမှာ အထမြောက်မလာခဲ့ပါ။ ဆရာဝန်နှင့် သွားရောက် စစ်ဆေးကြည့်သောအခါ ပဋိသန္ဓေတားဆေးများကို အတိုင်းထက်အလွန် မတန်တဆ သုံးစွဲခဲ့သည့်အတွက်ကြောင့် ဒီတစ်သက် လွယ်လွယ်ကူကူနှင့် ကလေးမရနိုင်တော့ကြောင်း သိရှိလိုက်ရ၏။

ခြူးလွဲနွယ်သည် သော်စင်နှင့် လက်ထပ်ပေါင်းသင်းသည့် ကာလတစ်လျှောက်မှာ နေ့စဉ်ရက်ဆက် အမျိုးမျိုးအဖုံဖုံ နှိပ်စက်ညှဉ်းပမ်းခံခဲ့ရသဖြင့် စိတ်ဒဏ်ရာတွေ ရခဲ့သည်။ မသန့်စင်တော့သော တစ်ခုလပ် တစ်လင်ကွာဘဝဖြင့် အာကာ့ရင်ခွင်အတွင်း ခိုဝင်နေရသည့်အတွက်လည်း စိတ်ဒဏ်ရာရနေသည်။ ယခုတစ်ဖန် အာကာလိုချင်သော ကလေးကို သူမ မွေးဖွားမပေးနိုင်သဖြင့် ထပ်မံ၍ စိတ်ဒဏ်ရာရပြန်သည်။

ခြူးလွဲနွယ်သည် သူမအား ပဋိသန္ဓေတားဆေးများ မစားမနေ အလွန်အကျွံ တိုက်ကျွေးခဲ့သူ သော်စင့်ကို အရမ်းနာကြည်း စက်ဆုပ်သွားသည်။ သော်စင်နှင့် ပတ်သက်သော ငရဲခံရသလို နေ့ရက်များကို သူမ ဘဝထဲမှ ပယ်ထုတ်ပစ်ချင်နေမိသည်။ သော်စင့်အကြောင်းကို တွေးမိလျှင် သူမ စိတ်မချမ်းမသာ ဖြစ်ရ၏။

ထို့ကြောင့် သော်စင်နှင့် ပတ်သက်ခဲ့သမျှကို သူမ မှတ်ဉာဏ်ထဲမှ ကြိုးစား၍ မေ့ပျောက်ထားလိုက်သည်။ မတော်တဆ တိုက်ဆိုင်မှုရှိ၍ အာရုံထဲသို့ ဝင်ရောက်လာလျှင်ပင် အတင်းမောင်းထုတ်ပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ သော်စင်နှင့်ပတ်သက်သမျှကို မေ့ပျောက်ရန် ကြိုးစားရင်းနှင့်ပင် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ စိတ်ဓာတ်ရာရေး များပြားသော သူမသည် အရာရာကိုပါ တဖြည်းဖြည်း မေ့လျော့သွားခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**3rd, December, 2007**

**Yangon.**

" ဘာဖြစ်လို့ ငါ ဘာကိုမှ အမြဲ မှတ်မိနိုင်စွမ်းမရှိတာလဲ"

" အဲဒါကို တွေးမနေပါနဲ့ ရွှယ်ရယ်။ တစ်ယောက်ကို တစ်ယောက် မှတ်မိနေတုန်းလေးမှာ ငါတို့ ပျော်ပျော်ရွှင်ရွှင် နေကြရအောင်နော်။ ရှည်နေတဲ့ နင့်လက်သည်းတွေကို ငါညှပ်ပေးမယ်။ ရှုပ်ပွနေတဲ့ နင့် ဆံပင်တွေကို ငါ ဖြီးပေးမယ်နော်"

အရိုးအိုသည် အမယ်အိုၡ ဖြူတစ်ဝက်ညိုတစ်ဝက် ကျိုးတိုးကျဲတဲ အမွေအလိပ် ဆံနွယ်ရှည်လေးများကို တယုတယ ဖြီးသင်ပေးလေသည်။ ပြီးသော် အရိုးပေါ်အရေတင်နေသော အမယ်အိုၡ လက်ချောင်းသိမ်သွယ်သွယ်လေးများကို ကိုင်တွယ်၍ ဂရုတစိုက် လက်သည်းညှပ်ပေးလေသည်။

သူတို့၏ ချစ်ခြင်းမေတ္တာက ရောင့်ပင် လတ်ဆတ်နေဆဲ ရှိနိုင်သဲ ဖြစ်၏

စိုက်မိစိုက်ရာ ငေးကြည့်နေသော အမယ်အိုၡ မျက်ဝန်းတွင် ပေါ်ပေါ် အရိပ်များ ထင်ဟပ်ရောက်ရှိလာသည်။ အမယ်အိုသည် အရိုးအိုကို တွေတွေကြီး ကြည့်သည်။ အကြည့်တွေက အငွေ့ထတော့မတတ် တရှိန်ရှိန် ပူလောင်နေ၏

www.burmeseclassic.com



ထွက်ရှိပေသည်။

အမယ်အိုသည် အဖိုးအို ကိုင်တွယ်ထားသော သူမလက်ကို ရုတ်တရက် ဆောင့်ရုန်း၏။

" ရှင် ဘာဖြစ်လို့ ကျွန်မ လက်ကို ကိုင်ရတာလဲ"

" ဟာ… နွယ်"

အဖိုးအိုသည် သွေးပျက် ခြောက်ခြားသွားသည်။ အာရုံတွေ မှုးဝေနောက်ကျိ သွားသည်။ မျက်နှာ အပျက်ပျက်အယွင်းယွင်းနှင့်အဖိုးအိုသည် အမယ်အိုအား နိုးရိမ်ပူပန်စွာ စိုက်ကြည့်၏။

" နွယ်…"

" ဘာနွယ်လဲ… ရှင် ကျွန်မကို ဘာဖြစ်လို့ နွယ်လို့ ခေါ်ရတာလဲ"

" ငါ အာကာလေ"

" အာကာ…။ ဘယ်က အာကာလဲ။ ကျွန်မ ရှင့်ကို မသိဘူး။ ရှင်ကော ကျွန်မကို သိလို့လား။ ဘာလို့ ဒီနေရာ ရောက်နေတာလဲ"

" နွယ်ရယ်… အဲဒီလို မလုပ်ပါနဲ့။ ငါ့ကို မေ့မသွားပါနဲ့"

" ရှင် ဘယ်သူလဲ။ ရှင့်ကို ကျွန်မ မသိဘူး။ ရှင် ကျွန်မကို ဘာ ဒုက္ခပေးမလို့လဲ"

" ငါ အာကာပါ။ နင်က နွယ်လေ။ နင် ငါ့ကို မေ့မသွားပါနဲ့နော်"

" ဘာတွေ ပြောနေတာလဲ။ ရှင် ဒီမှာ ဘာလာလုပ်နေတာလဲ။ ကျွန်မကို ရှင် ဒုက္ခပေးမလို့ မဟုတ်လား။ ဟုတ်တယ်…။ ရှင် ကျွန်မကို ဒုက္ခပေးမယ့်လူပဲ ဖြစ်ရမယ်။ ဟောဒီမှာ… ကျွန်မကို ဒုက္ခပေးမယ့်လူ ရောက်နေတယ်။ လာကြပါဦးရှင်… ကယ်ကြပါဦး…"

အမယ်အိုသည် အဖိုးအိုကို မှုံမှိန်သော မျက်လုံးတွေဖြင့် အထိတ်တလန့် ကြည့်ပြီး စူးစူးဝါးဝါး အော်ဟစ်လေသည်။ အမယ်အို၏ အော်ပြေသံကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမများသည် အခန်းတွင်းသို့ ကရောသောပါး ပြေးဝင်လာကြသည်။

သူတို့သည် အမယ်အိုကို ထိန်းသိမ်းချုပ်ကိုင်လိုက်ကြ၏။

" ဆရာဝန် ခေါ်ပါ"

" ပေးရှင့် ဟတ်အတက်ခံ ရသွားလား မသိဘူး"

" ခေါက်တာ့ကို တစ်ယောက်က အမြန်သွားခေါ်လေ"

" ဒီအခန်းမှာ တာဝန်ကျတဲ့ နပ်စ်က ဘယ်သူလဲ"

လူနာဆောင်တစ်ခုလုံး ပွက်လောရိုက်လျက် ဝင်တိုးထွက် ဆူညံရှုပ်ထွေးသွားလေတော့သည်။

အခါခါနာလို့ မပြီးဆုံးသေးတဲ့

ဒဏ်ရာတွေ

တစ်ဖန်ပြန်ရှင်သန်လာလို့

ရှုးလှိုက်နီးဖြစ်နေပါပြီ နွယ်ရယ်...

နှစ်ကိုယ်တူရင်ဘတ်ထဲမှာ ဒဏ်ရာတွေက အသောမသတ်ပါဘဲ။

ငါ့ကို ဒဏ်ရာတွေရစေတဲ့

ငါ့ရဲ့ ချစ်စွာသော

ဒဏ်ရာတွေနဲ့ နွယ်

မင်းမှတ်ဉာဏ်ထဲမှာ ငါ့ကို အမြဲတမ်း နေရာပေးထားပါလားကွယ်...။

၁

www.burmeseclassic.com

www.burmeseclassic.com



**3rd, December, 2007**

**Yangon.**

ဝမ်းနည်းကြေကွဲနေသော မြေလှမ်းများဖြင့် အိုးနိုးသည် လှုနာဆောင်အတွင်းမှ ကယိမ်းကယိုင် လှမ်းထွက်လာခဲ့လေသည်။ မှိုင်းညို့ဝေဝါးသော မျက်ဝန်းအတွင်းမှ မျက်ရည်စက်များသည် အရောင်လိပ်ရှုံ့တွဲနေသော ပါးပြင်အိုထိုပေါ်သို့ တပေါက်ပေါက် ယိုစီးပြုတ်ကျနေပါသည်။

ရင်ကွဲပက်လက် ခံစားမှုများသည် ညနေခင်း နှင်းပွင့်များကဲ့သို့ပင် တဖွဲဖွဲ လွှင့်စင်သွန်းစိုက်လျက်ရှိချေ၏။

လူအပေါ်အဝင် သတ္တဝါတိုင်းသည် မွေးဖွားရာမှ နေပျိုးစွာ ရှင်သန်ကြီးပြင်း လာကြသည်။ ထိုမှတဆင့် ရှန်းကန်ရင်းနှင့်ပင် အိုမင်းရင့်ရော်ပြီး မီးစာကုန် ဆီခမ်း ဖြစ်လာကြသည်။ နောက်ဆုံးတွင် ရှောင်လွှဲ၍ မရနိုင်သော သေမင်းလက်တွင်းသို့ သက်ဆင်းကြရသည်။

ထိုအတောအတွင်းမှာ ဆုံတွေ့ကြသည်။ သမုဒ္ဒယကြိုးမျှင်တွေ ငြိယှက်လုံး ထွေးကြသည်။ နောက်တော့ ပြန်လည်ခွဲခွာ ကြရသည်။ ဖြစ်ပျက်ခဲ့သမျှကို မေ့ပျောက် ကြကုန်၏။

တကယ်တမ်းတော့ မည်သူကမှ မည်သူ့ကို ထာဝရ ပိုင်ဆိုင်၍ မရနိုင်ချေ။

www.burmeseclassic.com



အဖိုးအိုသည် လောကနိယာမတရားကို လက်မခံနိုင်ဘဲ ဖြစ်နေသည်။ နေလှူခြင်းဆိုသော အခြားကမ္ဘာတစ်ဘက်ခြမ်း တွင် (၉၉.၉%) ရောက်ရှိနေသော ချစ်သူကို သံယောဇဉ် ဇဟိုဖြစ်၍ သူဆီ ပြန်ရောက်လာစေရန် စွမ်းစွမ်းတမံ ကြိုးစားသည်။ ချစ်သူက သူထံ ပြန်ရောက်လာသည့် (၀.၁%) အချိန်ကာလတွင် သူ ပျော်ရွှင်ရသည်။ ကျေနပ်ရသည်။ ကြည်နူးပီတိ ဖြစ်ရသည်။

သို့သော် ဒါတွေက ခဏတာမျှပင် ဖြစ်၏။ ချစ်သူက သူကို ပြန်လည် နေလှူသွားသည်။ ထိုအခါ ဝမ်းနည်းရသည်။ ပူဆွေးရသည်။ သည်းချေပျက်မတတ် ရင်ကွဲပက်လက် ခံစားရသည်။

ပျော်ရွှင်မှု၊ ကျေနပ်မှု၊ ကြည်နူးပီတိဖြစ်မှုတွေကို ပြန်လည် ခံစားချင်သဖြင့် သူကို ချစ်သူ ပြန်လည် မှတ်မိလာစေရန် ထပ်မံကြိုးစားပြန်၏။

အခြားသူတို့သည်လည်း ထိုသို့ပင် ဖြစ်၏။ မိမိတို့ လိုချင်တာကို ရရှိဖို့ အတွက် အပင်ပန်းအဆင်းရဲခံကာ ဒုက္ခသုက္ခကြီးမားစွာဖြင့် ကြိုးစားကြရသည်။ ပိုင်ဆိုင်မှုအား ရရှိလာလျှင် ပျော်ရွှင်ကြ၊ ကျေနပ်ကြ၊ ကြည်နူးပီတိ ဖြစ်ကြသည်။ ရသမျှနှင့်လည်း မရောင့်ရဲ မတင်းတိမ်နိုင်ဘဲ လောဘစိတ်မောဖြင့် ထပ်မံကြိုးစားကြ ပြန်သည်။

မိမိတို့၏ (တကယ်တမ်းတော့ ကိုယ်မပိုင်သော) ပိုင်ဆိုင်မှုများ ဆုံးရှုံးနစ်နာ သွားလျှင် ဝမ်းနည်းကြသည်။ ပူဆွေးကြသည်။ သည်းချေပျက်မတတ် ထိခိုက် ခံစားကြရသည်။

လူတို့သည် ခဏတာ သာယာသော ခံစားမှုလေးများကို မက်မောနှစ်ခြိုက် နေကြသည်။ လူတို့သည် ကိုယ့်အရှုံးကိုသာ အနာကျင်ဆုံးဟု ထင်တတ်ကြသည်။

အဖိုးအိုသည်လည်း ခဏတာ သာယာမှုကို မက်မောနှစ်ခြိုက်ပြီး သူ့ အရှုံးအတွက် အနာကျင်ဆုံး ထိခိုက်ခံစားနေရလေသည်။

အဖိုးအိုတွင် ကုသရခက်ခဲသော ရောဂါတစ်ခု စွဲကပ်လျက်ရှိ၏။

ဒီနေ့အဖို့တော့ သူ့အတွက် နေညိုသွားချေပြီ။

၉။

www.burmeseclassic.com



**3rd, December, 2007**

**Yangon.**

ငါ့မှာ ရင်ခုန်သံ မရှိတော့ဘူး။

သွေးခုန်တာလည်း မရှိတော့ဘူး။

ငါ့မှာ ဘာဆိုဘာမှ မရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**3rd, December, 2007**

**Yangon.**

မင်း မရှိတာဟာ ငါ့အတွက်တော့ ဘဝမရှိသလိုပါပဲ။

အရာအားလုံး ဟောက်ပက် ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



**3[rd], December, 2007**

**Yangon.**

သိယောဇဉ်ဆိုတာ

ကိုယ့်ရင်ကိုယ် မညှာတမ်း ပြန်ခွဲတဲ့

စိတ်နွယ်မျှင် ဓားတစ်လက်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



**4rd, December, 2007**

**Yangon.**

နေခြည်ရောင်ငွေ့ငွေ့သည် အဖြူရောင်သုတ်လိမ်းထားသော ပုဂ္ဂလိက ဆေးရုံတစ်ခုအား ဝင်းဝင်းစက်စက်ထိမှန်နေလေသည်။

ဆေးရုံအတွင်းရှိ သန့်ရှင်းသပ်ရပ်သော လူနာဆောင်တစ်ခုဆီမှ စိတ်အား ထက်သန်သော စာဖတ်သံသဲ့သဲ့ ပေါ်ထွက်နေလျက်ရှိ၏။

ထိုစာဖတ်သံသည် ဗလာသက်သက် စာမျက်နှာများကို ကြည့်၍ ဖတ်ပြနေ သော စာဖတ်သံဖြစ်ပါသည်။

PMD/note-book(Profe)

www.burmeseclassic.com

ရှေ့ကပမာ စိမ်းစားမှုအတွက် မျှော်တလင့်လင့်ဖြင့် ကြိုးပမ်းဆောင်ရွက်နေရသည့်ကာလပင်ရှင် ဘဝဟူ၍ အတူတလည်းပြန်ပျက်နေပါတော့၏။

လင်းညို့ငြှေး

www.burmeseclassic.com

ယွန်းစံအိမ်စာပေ

# လင်ညိုမှူး

## အသည်းခွဲဖတ်ရှင်

BURMESE CLASSIC

နင် မေးချင်တာက ဒဏ်ရာဆိုရင်
အဲဒီဒဏ်ရာကိုပဲ
တစ်သသဝေဒ အမောရှုတ်ထင်ကျန်သည်အထိ
ငါ တယုတယ သိမ်းဆည်းထားပါမယ် ချစ်သူရယ် ...

ထွက်ပြီ

www.burmeseclassic.com